# သခင့်စကား
The LORD's Word
ဝိညာဉ်ရေးရာစာစောင်
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည်

သင်္ချိုင်းများမှာ ရှိသောသူအပေါင်းတို့သည် သားတော်၏ စကားသံကိုကြား၍ ထွက်ရမည့် အချိန်ကာလ ရောက်လတ္တံ့။ ယော ၅း ၂၈

အမှတ်စဉ် (၁၀၉) မေလ ၂၀၁၀ ခုနှစ် ခမ္ဘဒါန (လစဉ်ပထမတနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)


## ‘မေတ္တာ’ (ဤကဗျာလေး ခံစားကြည့်ပါ) လယ်ဒီပါကိတ အည့်တာရ ဆာဒွက်

မေတ္တာဟူသည်မှာ စိတ်ရှည် သည်းခံ ခွင့်လွှတ်ကာ
ဒေါသ မပွား မုန်း မထား ၊ မနာလိုလည်း မရှိပါ
သနားကြင်နာ ဖေးမရာ ၊ မာန ကင်းဝေး ဂုဏ် မပြိုင်
ဝါကြွားခြင်းလည်း မရှိတာ ၊ ထောင်လွှား စော်ကား ဝေးဝေးစွ
ကျေးဇူးပြုကာ အကောင်းမြင်ရန် ၊ ၎င်းသည်သာ မေတ္တာပါ
မေတ္တာ မေတ္တာ ဤမေတ္တာ ၊ ထားနိုင်ရန် အစဉ်ကြိုးစား
ဒါမှ ဘုရားသားသမီးများ ၊ မိတ်ဆွေကို ကျွန်ုပ် ထာဝရ ခရစ်တော်မြတ်၌
ချစ်လျက်နေပါရစေ။



---

## ‘ထာဝရ -- ချစ်သူ’ မ (ယုံကြည်သူ) (ချစ်သူများနေ့ .... သို့)

ဟိုး..... အတိတ် မိခင်ဝမ်းထဲမှာ...... ငါရှိစဉ်ကတည်းက
ငါ့ရဲ့..... ပစ္စုပ္ပန် အနာဂတ်နဲ့ တမလွန်များအတွက်
သစ္စာ ဂတိတွေနဲ့ ငါ့ရဲ့ ဘဝကို ပိုင်စိုးခဲ့တာ
ငါ.... ချစ်တဲ့ ‘သခင်ယေရှု’ ပါ
ငယ်ရွယ်စဉ်.... ကလေးဘဝ.... လွန်ခဲ့ တခါလည်း....
မိဘများနဲ့ ဆရာများရဲ့ သွန်သင်မှုကြောင့်.....
‘သူ’ဟာ ငါတို့ရဲ့ ကယ်တင်ပိုင်ရှင် ဘုရားဆိုပြီး
နှလုံးသားထဲမှာ..... အစဉ်အမြဲ စိုးမိုးနေတာ
ငါ့... ရင်ထဲက ‘သခင်ယေရှု’ ပါ
ငါ... လူလားမြောက်တဲ့ အခါမှာလည်း
ငါ့ မရေရာတဲ့ ‘ဦးတည်ချက်’ နဲ့ ‘ဆုံးဖြတ်ချက်’ တွေထဲ
မှားတာကို မှန်အောင်.... မှန်တာကို နည်းစနစ် ကျစေဖို့
နှုတ်ကပတ်တော် သမ္မာကျမ်းနဲ့ လမ်းပြပြီး.....
ကားတိုင်လမ်းကို ရွေးချယ်စေခဲ့သူဟာလည်း.. . .
ငါ.... မြတ်နိုးရတဲ့ ‘သခင်ယေရှု’ ပါ.....



လောကစည်းစိမ် (ရွှေ၊ ငွေ၊ ဂုဏ်၊ပကာသန၊ ကာမဂုဏ်) တွေထက်လည်း
‘သူ့’ ကို ငါ ပိုချစ်တယ်.....
လောကသံယောဇဉ် (ငါ့ဆွေမျိုး၊ ငါ့မိဘ၊ ငါ့သား) တွေထက်လည်း
‘သူ့’ ကို ငါ ပိုချစ်တယ်....
အားလုံးထက် ‘သူ့’ ကို ငါ ပိုချစ်ရတယ်.....
ငါ့ရင်ထဲမှာ ကိန်းအောင်းနေပြီး အစဉ်ထာဝရ တည်ရှိနေတာ
ငါတို့ ယုံကြည်သူတွေ အားလုံး ချစ်ရတဲ့....‘ချစ်သူ’ ‘သခင်ယေရှု’ ပါ.. ။

---

## ဘဝတက်လမ်းပေးတက်ကြပါ။ (လေးငယ်)

လူတချို့က မတူမတန် ဘူးရယ်လို့
ငါ့ အသဲနာကျင်အောင်ပြောသွားကြတယ်။
အမျိုးအဆွေတွေက မပြည့်ဝသေးတဲ့ ငါ့ဘဝကို
ထေ့ကာ ငေါ့ကာ လှောင်ပြောင်ကြတယ်။
ဆရာသမားတွေက မင်းချာလှချည် ရယ်လို့
ကရုဏာဒေါသနဲ့ တုန်လှုပ်အောင် ပြောသွားကြတယ်။
အပေါင်းအသင်းတွေက သူတို့နည်းတူ မဖြုန်းနိုင်လို့
ဘိုင်ကောင် ရယ်လို့ဖယ်ကုန်ကြတယ်။ သို့ပေမဲ့လဲ ငါသိတာက၊ ငါ့ဘဝမှာ
ဆန့်ကျင်အားတွေ ရင်ဆိုင်ရတော့ နာကျင်ပေမဲ့ နှစ်သိမ့်တယ်။



လှောင်ပြောင်နေလည်း ပြုံးတတ်တယ်။ တုန်လှုပ်ပေမဲ့ ကျေနပ်တယ်။
ဖယ်ကုန်ကြလည်း စိတ်ချတယ်။ ငါ့ရဲ့အားနည်းနုံချာခြင်းကို
နားလည်ပေးသူ နှစ်သိမ့်ပေးသူ၊ ချီးမြောက်မဲ့သူ
ဘဝတက်လမ်း ပန်းခင်းလမ်းသို့ ပို့ဆောင်ပေးမဲ့ ခရစ်တော်ယေရှု
အစဉ်ရှိတယ်။ အားနည်းခြင်း၌ စုံလင်စေတယ်။
ပြည့်စုံဘဝ တိုးတက်စေတယ်။ ထိုသခင်၌ဘဲ ဝါကြွားမယ်။

---

## ချီးမွမ်းစရာကောင်းကြီးမင်္ဂလာ Samuel Soe Lwin

နောက်ကြောင်းကို တလှည့်ပြန် တွေးဆကာ ဆင်ခြင်ပြန်တော့
သခင့်ကတိတော် ရာထောင်ကျော်လည်း နေ့ရက်စဉ်တွင် ပြည့်မြဲပင်မို့
ကောင်းကြီး အထောင်ထောင် မို့မောက် လျှံပြောင်လို့
ချီးမွမ်းကျေးဇူး ဂုဏ်တော်ကျူးလို့ ဝမ်းမြောက်ဝမ်းသာ ကြည်နူးဖြာ၍
ထပ်လောင်းဆင့်ကဲ့ ကောင်းကြီးရှဲသည် ကောင်းကြီးဝဿာန် အချိန်မှန်မှန် ။ ။


---

## “တစ်ကိုယ်ရည် ည” မင်းထွန်းသက်လွင်

ကြယ်တွေကြည့်ရင်း လွမ်း တတ်တယ် ၊ လ’ကိုကြည့်ရင်း ဆွေး တတ်တယ်
ညည တွေ တစ်ယောက်တည်း . . . ၊ ကမောက်ကမ တွေ ဖြစ်နေဆဲ
နံနက်လည်းရောက် မိုးလည်း သောက်တော့
လွမ်း မနေအား ၊ ဆွေး မနေအား ။ မိသားစုအတွက်ရှန်းကန်
အဆဲ တစ်တန်၊ အပြော တစ်တန်၊
မိုးလင်းက မိုးချုပ် ၊ တစ်ရက်ပြီး တစ်ရက် အချိန်ပုပ်
တကုပ်ကုပ် လုပ်နေရင်း ၊ ညဘက် ရောက်ပြန်တော့ . . .
ကြယ်တွေကြည့်ရင်း လွမ်းတတ်တယ် ၊ လ’ကိုကြည့်ရင်း ဆွေး တတ်တယ်
ပြေဘ် ည ည တွေမှာ ငါ တစ်ယောက်တည်း ။ ။

---

## ဖေဖေ့ဂုဏ်ရည် ကိုးအယ် (ခိုအုန်ကျန်း)




ဆဲလ်ဖုန်း မရှိပေမဲ့ ၊ အသည်းနှလုံးရှိတဲ့ ဖေဖေ၊
အင်တာနက် မရှိပေမဲ့ ၊ အလ်ကာဂုက် ကလေးလို နိုးကြားနေတဲ့ ဖေဖေ။
အင်နာဗွန်စီ အားဆေး မစားနိုင်ပေမဲ့ ၊
အင်တာနေရှင်နယ်ကို မြင်နိုင်တဲ့ ဖေဖေ၊
မော်ဒယ်လို မလှပေမဲ့ ၊ မော်ဒန် လို ခေတ်မီနေတဲ့ ဖေဖေ။
ကွန်ပျူတာ အီးမေးလ် မရှိပေမဲ့ ၊ ပေါ်ပြူလာ အိမ်မက်တွေပေးနိုင်တဲ့ ဖေဖေ။
ဒစ်ဂျစ်တယ် ကင်မရာ မရှိပေမဲ့၊ ထာဝရ အိမ်ယာကို လမ်းညွှန်ပေးနိုင်တဲ့ဖေဖေမို့
အရေးအကြီးဆုံးက တို့ဖေဖေဘဲပေါ့

---

## မေတ္တာမဲ့မှု ( LOVE )

တစ်ယောက်တည်း အားငယ်လို့ ၊ အထီးကျန်လွန်းတဲ့ ညတွေမှာ
ကောင်းကင်ကို မော့ကြည့်ရင်း ၊ ရေတွက်လို့ မကုန်နိုင်တဲ့
ဘုရားသခင်ရဲ့ ကျေးဇူးတော်တွေကို ငါ ချီးမွမ်း နေမိတယ်။

---



## အရုပ်ဆိုးအကျည်းတန်တဲ့ဖားဖြစ်ပေမဲ့လည်း။ ရေဗတ္တ (U.Y.G)

ငါဘာမှ မတတ်ဘူး၊ ငါဘာမှ ဗဟုသုတ မရှိဘူး၊ ငါလုပ်ရည် ကိုင်ရည်
နည်းတယ် ဆိုတဲ့ မိမိရဲ့ အားနည်းချက်တွေ အပေါ်မှာ သိမ်ငယ်စိတ် တွေနဲ့
ဘုရားကို အသုံးခံ ဆက်ကပ်ဖို့ ကျွန်မတို့ တုံ့ဆိုင်း နေတတ်ကြပါတယ်။



သခင့်စကား ဝိညာဉ်ရေးရာစာစောင် အမှတ်စဉ် ၁၀၉၊ မေလ ၂၀၁၀ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

တကယ်တော့ ဘုရားသခင်ဟာ ကျွန်မတို့ အသီးသီးကို မတူညီတဲ့ အစွမ်းလေးတွေ ပေးထားတာပါ။ နည်းရင်လည်း နည်းမယ်၊ များရင်လည်း များမယ်ပေါ့။ ကိုယ်ရတဲ့ အရာဟာ သေးငယ်ပေမဲ့ အရှိအတိုင်း ပြန်ပြီး ဆက်ကပ်အသုံးခံ တာကို ဘုရား အလိုရှိပါတယ်။

ကျွန်မတို့ဟာ လူတွေရဲ့ရှေ့မှာ အားနည်းချက်တွေနဲ့ သေးငယ်တဲ့သူတွေ ဖြစ်ပေမဲ့ ဘုရားရှင်ရဲ့ ရှေ့မှာတော့ မသေးငယ် ပါဘူး။ သမ္မာ ကျမ်းစာက၊- အနည်းငယ်သော အမှုတွင် သစ္စာရှိသူသည် ကြီးသော အမှုတွင်လဲ သစ္စာရှိလိမ့်မည် လို့ဆိုထားပါတယ်။ (လုကာ၁၆:၁၀)။ သေးငယ်သော အရာဖြစ်သော်လည်း ဒီအရာ အပေါ်မှာ သစ္စာရှိခြင်းဟာ ကြီးမားသော အရာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ အစွမ်းက ဘာမှမဟုတ်တဲ့ သေးငယ်တဲ့ အရာဖြစ်ပေမဲ့ သစ္စာရှိစွာနဲ့ ဘုရားအတွက် ပြန်လည် ဆက်ကပ် အသုံးခံမယ် ဆိုရင် ကြီးမားသောအရာ ဖြစ်ပါတယ်။

စာအုပ် တစ်အုပ်မှ မှတ်သားရဘူးပါတယ်၊ ဘုရားက သူ့ရဲ့ ဘုန်းတန်ခိုး ကြီးမားမှုကိုပြဖို့ သေးငယ်သော အရာ၊ အားနည်းခြင်း ရှိသော အရာများမှ ရွေးထုတ်ပြီး ကြီးမားသောအရာဖြစ်ရန် လုပ်ဆောင်ပါတယ်။ ကျွန်မတို့ ဘယ်လောက်ပဲ သေးငယ်ပါစေ၊ ဗဟုသုတ မရှိပါစေ၊ လုပ်ရည်ကိုင်ရည် အနည်းငယ်ပဲ ရှိပါစေ၊ ဘယ်လောက်ပဲ စကား မပြောတတ်ပါစေ၊ ဘုရားရှင် ကျွန်မတို့ကို အသုံးပြုနိုင်တယ် (၁ကော ၁း၂၇)။

ဖားလေးတစ်ကောင်ကို ကြည့်ရင် သူ့ရဲ့ ရုပ်ရည်က ရှုချင်စရာ မရှိပါဘူး။ ရန်သူကို ကာကွယ်နိုင်တဲ့ အစွမ်းလည်း နည်းပါးတယ်။ လူတွေက ရွံ့ရှာတဲ့ အရုပ်ဆိုး အကျည်းတန်သတ္တဝါ ဖြစ်ပေမဲ့ သူက ဘုရားအတွက် အကောင်းဆုံး လုပ်နိုင်ပါတယ်။ အနည်းဆုံးတော့ 'အုံး....အွမ်..' ဆိုတဲ့ အသံလေးနဲ့ ဘုရားဂုဏ်တော်ကို ချီးမွမ်းနိုင်တယ်။ သမ္မာကျမ်းစာထဲမှာလည်း ဘုရားက အဲဂုတ္တုပြည်ကို ကပ်ဘေးကျရောက်စေတဲ့အခါ ဖားတွေကို အသုံးပြု ခဲ့တယ်(ထွ ၈: ၁-၆)။ အစွမ်းသတ္တိ နည်းပါးသေးငယ်တဲ့ ဖားကလေးတွေကို ဘုရားက အသုံးပြုတဲ့အခါ ကြီးမားတဲ့အရာ ဖြစ်စေခဲ့တာကို တွေ့ရမှာပါ။

ကျွန်မတို့ဟာ အားနည်းခြင်းတွေနဲ့ ပြည့်နေတဲ့ အရုပ်ဆိုး အကျည်းတန် ဖားလေးဖြစ်မယ်ဆိုရင်တောင် ဘုရားရှင်ရဲ့ ဘုန်းတော် ထင်ရှား စေနိုင်ဖို့ အခြား ဖားလေးတွေနဲ့အတူ သီချင်းဆိုနိုင်တယ်လေ။ သင်ကော အားနည်း၊ သေးငယ်တဲ့ ဖားကလေးလား........။ ကျွန်မတို့ အတူတူ ဘုရားရဲ့ ဂုဏ်တော်ကို သီဆို ချီးမွမ်းကြရအောင်....။ ရေဗက္က (U.Y.G)

---

## အမေအတွက် (သက်သေခံချက်– ချာလကာ )

သူသိပ်ချစ်တဲ့ မြေးလေးနဲ့အတူတူနေရာဘို့ တပ်တလဲလဲ တောင်းပန်စကား ဆိုရတာလဲ ရင်ထဲမှ ကြေကွဲမှုတွေ ပြည်နှင့်စွာ ခံစားခဲ့ရတယ် အမေဟာ အသက် ကြီးမှ အိမ်ထောင်ကျပြီး သား သမီးတွေကို အကောင်းဆုံး ဖြစ်အောင် ပြုစု စောင့်ရှောက်ခဲ့ပါတယ်။ ယခုအချိန်မှာ အမေရဲ့ အသိစိတ်တွေ ပေါ်လိုက်ပျောက်လိုက် ဖြစ်ခဲ့ရပါပြီ။ စကားများလဲ မှားယွင်းခဲ့ရပါတယ်။ အမေ့ကို သည်းခံခွင့်လွှတ် ပေးပါလို့ စောစော တောင်းပန် ရခြင်း၊ ကျေးဇူး တင်ပါတယ်လို့ အခါခါ ပြောရခြင်းဟာ ရင်နဲ့အမျှ ရင်ထဲမှာ စူးနစ်စွာ ခံစားရပါတယ်။ "တောင်းပန် ခြင်းရဲ့ နောက်ကွယ်မှာ နာကျည်းခြင်းနဲ့ ခံပြင်းမှုတွေ ပေါင်းစပ်ထားပါတယ်"

ကျန်းမာရေး မကောင်းတဲ့ အမေဟာ သားသမီး မြေးလေးတွေကို အကောင်းဆုံးဖြစ်အောင် ကြည့်ရှုစောင့်ရှောက် ခဲ့ပါတယ်။ သားသမီး မြေးလေးတွေကို အချစ်ကြီးချစ်ခဲ့တယ်။ အမေ့ရဲ့ကောင်းမှု ကုသိုလ်တွေဟာ လူတိုင်းအပေါ်မှာ ရှိခဲ့ကြပါတယ်။ အထူးသဖြင့် ကျန်းမာရေးမကောင်းတဲ့ သမီးကြီးနဲ့ မြေးလေး အပေါ်မှာ ဂရုဏာထား အသနားပိုခဲ့ပါတယ်။ ထီးဖြူ ဖိနပ်ပါးအောင် အလုပ်ရှာပြီး အဆက်မပြတ် အလုပ်တွေလုပ်ရင်း အလုပ်တဖက်နဲ့ အိမ်ထောင်မိသားစု စားဝတ်နေရေးအတွက် ကြိုးစားခဲ့တဲ့ သမီးကို ခင်ပွန်းသည်က မျက်နှာသာ မပေး ငြိုငြင်ငြူစူ အပြစ်တင်ခဲ့တဲ့အခါ။ လင်မယား စကားများတဲ့ အခါတိုင်း အမေ့မှာ သမီးအတွက် ဝမ်းနည်းကြေကွဲမှုတွေ ခံစားခဲ့ရပါတယ်။ အမေဟာ သမီးအတွက် မြေးလေးအတွက် စိတ်ဒုက္ခဆင်းရဲခံပြီး မြေးလေးကို စောင့်ရှောက်ခဲ့ပါတယ်။ အမေ့ရဲ့အချစ်၊ အမေ့ရဲ့မေတ္တာ တန်ဖိုး မဖြတ်နိုင် လောက်အောင် ကြီးမားခဲ့ပါတယ်။ ကျွန်မ အမေ့ကို အရမ်းသနားတယ်။ အမေ ဝမ်းနည်းကြေကွဲ မျက်ရည်ကျခြင်း၊ စိတ်မကောင်းဖြစ်မှာတို့ကိုစိုးရိမ်တယ်၊ ယခု အချိန်မှာ ကျွန်မလဲ အမေတစ်ယောက် ဖြစ်ခဲ့ရပါပြီ။ အမေတိုင်းရဲ့ နေရာမှာ ကိုယ်ချင်းစာခဲ့ရပါပြီ။ လူတိုင်း လူတိုင်းဟာ အိုကြ နာက ရမဲ့သူတွေချည်းပါဘဲ။ ဒါကြောင့်မို့ အမေ့အတွက် နောက်ထပ်ဘယ်သူ့ကိုမှ ထပ်တလဲလဲ တောင်းပန်စကားပြောစရာ မလိုရအောင် မြန်မာပြည်ပြန် ရောက်ရင် အမေ့အတွက် သမီး အကောင်းဆုံး ဖြစ်အောင် ကြိုးစားပေးပါ့မယ် မေမေ။ . . . မေမေချစ်တဲ့သမီးကြီး ချာလကာ

---

## ပျော်ရွှင်စရာမိခင်များနေ့ဖြစ်ပါစေ မေမေ (N.G.N)

ကျွန်မတို့ ယုံကြည်သူ ခရစ်ယာန်များ မြတ်မြတ်နိုးနိုး တန်ဖိုးထားရသော မေလသို့ ရောက်ခဲ့ ကြလေပြီ။ ဒီလသည် ကျွန်ုပ်တို့ လူသားများ အားလုံးအတွက် သန္ဓေသား ဖြစ်တည်စ ချိန်မှပင် မွေးဖွားချိန်တိုင်အောင် လပေါင်းများစွာ ဝမ်းနှင့် လွယ်ခဲ့ရသည်။ မိခင်၏ ချစ်ငွေ့ ရင်ခွင်ဖြင့် နွေးထွေးစေခဲ့သော မိခင်၊ သားသမီးတို့အတွက် အာဟာရ ဦးစွာ လက်ခံ ပေးခဲ့ရသည့် မိခင်၊ သားသမီးအတွက် စွန့်လွှတ် အနစ်နာခံကြရသည့် မိခင်များ ကို အမှတ်တရ ဂုဏ်ပြုသော လ ဖြစ်သည့်အတွက် အထူးတန်ဖိုး ထားရခြင်း ဖြစ်သည်။

မိခင်များနေ့မှ ပညာရှင်တစ်ဦးရဲ့ Mother ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် လေးတွေကို ခွန်အား ယူကြပါစို့။ Mother

M – Mercy - မိခင်များ သနားကြင်နာသည်

O – Organize - မိခင်များ စည်းရုံးတတ်သည်

T – Teach - မိခင်များ ဆရာတစ်ဦးကဲ့သို့ သွန်သင်နိုင်သည်

H – Honest - မိခင်များ သားသမီးအပေါ် ရိုးသားသည်

E – Effort - မိခင်များသားသမီးအတွက်ကြိုးပမ်းအားထုတ်ကြသည်

R – Righteousness - မိခင်များသည် ဖြောင့်မတ်မှန်ကန်ခြင်းရှိသည်

မိခင် အသင်းတော်နဲ့ဝေးပြီး ဘုရားကျောင်း တက်ရောက် နိုင်ခွင့် မရှိတဲ့ သမီး အတွက် ဒီဂုဏ်ပြု စာစောင်လေးနဲ့အတူ အမိုးကို သတိရလွမ်းဆွတ်ခြင်းများနဲ့ ဂုဏ်ပြုလိုက်ပါတယ်။ "ယဉ်ကျေး သောအရာသည် လှည့်စားခြင်းနှင့်ယှဉ်တတ်၏။ လှသော အဆင်း သည်လည်း အချည်းအနှီးဖြစ်၏။ ထာဝရဘုရားကို ကြောက်ရွံ့သောမိန်းမမူကား ချီးမွမ်း ခြင်း ကို ခံရလိမ့်မည်။" သုတ္တံ ၃၁း၃၀. ပညာစကားကို ပြောတတ်၍ မေတ္တာ တရားအားဖြင့် နှုတ်မြွက် သွန်သင် ခဲ့သော မိခင်များအားလုံး ဘုရားရှင်ကောင်းကြီးပေးပါစေ။ ခရစ်တော်၏မေတ္တာတော်ဖြင့်

---

## သက်သေခံချက် (မိငယ် – အင်းစိန်)

ရှေးဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မ ၅နှစ်သမီး အရွယ်က အကြောင်း သက်သေခံချင်ပါတယ်။ ကျွန်မ ၅နှစ်အရွယ်မှာ အ.မ.က (၃) မူလတန်းကျောင်းမှာ သူငယ် တန်းကျောင်းသူဘဝနဲ့ ကျောင်းတက်ခဲ့ပါတယ်။ ကျွန်မရဲ့မိခင်က ကုန်စိမ်းရောင်းပါတယ်။ တစ်နေ့ တော့ မိခင် အင်းစိန်ဘူတာမှာ ဟင်းရွက်တွေသွားဝယ်ပြီး ပြန်လာတယ်။ ဟင်းရွက်တွေကို စင်ပေါ်တင်လိုက်တယ်။ ကျွန်မလဲ ဘာမှန်းမသိတဲ့အသီး ဖြူဖြူစိမ်းစိမ်း အသီးလေး တွေကို ကောက်ယူပြီးစားလိုက်ပါတယ်။ ဒါနဲ့ကျွန်မရဲ့မိခင်ကို မေးလိုက်တော့ ကျွန်မရဲ့ မိခင်က ဇီးဖြူသီးလို့ ဖြေပါတယ်။ နောက်တစ်နေ့လည်း အဲဒီအသီးက လျှော့မသွားပဲ ဒီအတိုင်းပဲ တွေ့ရပါတယ်။ ကျွန်မရဲ့မိခင်ကို ကူညီချင်တာနဲ့ ကျောင်းသွား ခါနီးမှာ ဇီးဖြူသီးတွေအိတ်ထဲထည့်ပြီး ကျောင်းမှာ သွားရောင်းမယ်ပေါ့၊ ကျောင်း ရောက်တော့ ဘယ်လိုပြောပြီး သူငယ်ချင်းတွေကို ဘယ်လိုရောင်းရ မလဲဆိုတာ စဉ်းစားနေရင်း ဘုရားသခင်ကို သတိရလာတယ်။ ဒါနဲ့ ကျွန်မလဲ ဘုရားရှင်ကို ဘယ်လို ရောင်းရမလဲဆိုတာ ကျွန်မကို ဖွင့်ပေးပါလို့ ဆုတောင်းတယ်၊ Sunday School သွားတော့ ဘယ်တော့မှ ဘုရားကိုတော့ မမေ့ပါဘူး။ ဒါနဲ့ ကျွန်မလဲ သူငယ်ချင်းတွေအရှေ့မှာ အရင်ဆုံး စပြီး စားပြပါတယ်။ သူငယ်ချင်းတွေက မေးတယ်။ ဘာသီးလဲတဲ့။ ဇီးဖြူသီးလို့ဖြေရင်း ဝယ်မှာ လားလို့ မေး လိုက်တယ်။ တစ်လုံး ဘယ်လောက်လဲတဲ့၊ ၁လုံး ၅ပြားလို့ ဖြေ လိုက်ရင်း ကျွန်မ စားလက်စ အသီးကို သူငယ်ချင်းတစ်ယောက်ကို ပေးလိုက်တယ်။ ရောင်းလိုက်တာ၊ ဇီးဖြူ သီးတွေ ကုန်သွားပါတယ်။ အဲဒီလိုရောင်းတာ အကြိမ် ပေါင်း မနည်းတော့ပါဘူး၊ ကျွန်မရဲ့ မိခင်က စျေးရောင်းတာ



သခင့်စကား ဝိညာဉ်ရေး လစာစောင် အမှတ်စဉ်၁၀၅၊ မေလ ၂၀၁၀ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန်သတ် ထုတ်ဝေသည်။

အရမ်းကောင်းပါ တယ်။ ကျွန်မရဲ့ မိခင် ဈေးသွားရင် ၂ကြိမ် သွားရတယ်။ မနက် ၁ကြိမ်၊ ညနေ တစ်ကြိမ် ပေါ့၊ ဒီလိုနဲ့ မနာလိုတဲ့ လူကတော့ ကျွန်မတို့ ခြံရှင်ရဲ့ သားမက်ပေါ့၊ ကျွန်မတို့ ကို မောင်းထုတ်ဖို့ သူ့ရဲ့ယောက္ခမကို ပြောပါတယ်။ ကျွန်မတို့ နေတဲ့အိမ်က အိမ်ပိုင်ဖြစ်ပြီး၊ မြေက သူများမြေပေါ့၊ ဒါနဲ့ ခြံပိုင်ရှင်ကအိမ်လာ ပြီး၊ ကျွန်မရဲ့ ဖခင်ကို တခြားပြောင်းပြီး မြေရှာဝယ်ဖို့ ပြောပါ တယ်။ ကျွန်မရဲ့ဖခင်ကလည်း ဟုတ်ကဲ့ ကျွန်တော်တို့ မြေရှာဝယ် မယ်လို့ ပြောလိုက်ပါတယ်၊ ဒါနဲ့ ကျွန်မရဲ့ ဖခင်က မြေဝယ်ထွက်ဖို့ ဆရာတစ်ယောက် ရဲ့မိခင်ဆီကို သွားပါတယ်၊ အစ်မတို့ နေတဲ့ အပိုင်းမှာ မြေရောင်းမဲ့သူ မရှိ ဘူးလားလို့ မေးတော့၊ ဆရာ့မိခင်က ပြောပါ တယ်။ အဲဒီမြေကွက်လပ်က မြေပိုင် ရှင်က ဘယ်သူဘယ်ဝါဆိုတာ ပြောပြပါ တယ်။ ကျွန်မရဲ့ဖခင်ကလည်း မြေပိုင် ရှင်ရဲ့ အိမ်ကိုသွားပြီး မြေရောင်းပေးဖို့ ပြောပါတယ်။ မြေပိုင်ရှင် တစ်ယောက် မကျန်လိုက်မေးပါတယ်။ တစ်ယောက်မှ မြေ မရောင်းပေးပါဘူး၊ ဒီလိုနဲ့ ကျွန်မရဲ့ ဖခင်က သူငယ်ချင်းဖြစ်တဲ့ ဆရာအိမ် ကို သွားပါတယ်၊ အဲဒီဆရာရဲ့ ခေါင်းရင်း ခြံဘက်မှ မြေကွက်လပ်တွေ အများကြီး ပါပဲ၊ မြေပိုင်ရှင်တွေဆီ မြေတောင်း ဝယ်တာ တစ်ယောက်မှ မရောင်းပါဘူး၊ တစ်နေ့တော့ ကျွန်မမိခင်နဲ့ ဖခင် စကားပြောသံကြားရပါတယ်။ မြေဝယ်လို့ မရတဲ့အတွက် သူ့ရဲ့မွေးရပ်မြေ ပုသိမ်ကို ပြန်မယ်တဲ့။ ကျွန်မရဲ့မိခင်ကလည်း သူ့ရဲ့ ဇာတိဖြစ်တဲ့ မော်ဘီကို ပြန်မယ်တဲ့၊ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းလို့ မရတော့၊ ကျွန်မက ခလေးဆိုတော့ စိတ်ညစ်လာပါတယ်။ ကျွန်မ ရဲ့ဦးနှောက် ထဲမှာ Sunday School ဆရာမကပြောတဲ့စကားကို သတိရလာတယ်။ ဆရာမ ကပြော တယ်။ ဘုရားသခင်က ဒုက္ခရောက်တဲ့အခါဖြစ်စေ၊ ပြဿနာ ပေါင်းစုံ ရင်ဆိုင် ရတဲ့အခါဖြစ်စေ၊ သူ့ကို ယုံကြည်ခြင်းအပြည့်အဝထားပြီး ဆုတောင်းရင် ပြဿနာ တွေရော၊ ဒုက္ခရောက်တာတွေကိုရော သူဖြေ ရှင်းပေးလိမ့်မယ်တဲ့၊ ယုံကြည်ခြင်းတစ်ခုသာ အဓိကပါတဲ့၊ ဆရာမက ပြောထားတယ်။ ကိုယ်တောင်း ချင်တာ တောင်းပြီးရင် နောက်ဆုံးမှာ သခင်ယေရှုနာမနဲ့ ဆုတောင်းပါ၏ ပြောပါတဲ့၊ သခင်ယေရှုနာမ က အရေးကြီးဆုံးတဲ့။ ဒါကြောင့် ကျွန်မလဲ ဘုရား သခင်၊ ကျွန်မတို့ မိသားစုဆီကို ကူညီပေးမဲ့သူ ၁ ယောက်အိမ်ကို ပို့ပေးပါလို့ သခင် ယေရှုနာမနဲ့ ဆုတောင်းပါ၏ လို့ဆုတောင်းပါတယ်။ ဒီလိုနဲ့ နောက် တစ်နေ့ မနက်ဖက်မှာ ကျွန်မတို့ရဲ့ ခြေရင်းဘက်က ၂အိမ်ကျော်က အဘိုး တစ်ယောက် လာပါ တယ်။ အဘိုးက ကျွန်မ အမေကို တူမလေးရေ လို့ အပြင်က နေ ခေါ်သံကြားနေရတယ်။ ဒါနဲ့ကျွန်မရဲ့ မိခင်ကလဲ အိမ်အောက်ဆင်းပြီး အဘိုးကို အိမ်ပါတွဲခေါ်လာပါတယ်။ အိမ်ပေါ်ရောက်တော့ ကျွန်မရဲ့ မိခင်က အဘိုးအတွက် ကော်ဖီတစ်ခွက်နဲ့ ဘီစကစ်မုန့်တွေ ကျွေးပါတယ်။ အဘိုးက မစားသေးဘဲ၊ သူကျမ်းစာ ၁ပုဒ် ဆာလံ ၁၂၁ ပေါ့၊ ကရင်လို အလွတ်ဖတ်ပါတယ်။ ပြီးတာနဲ့ သီချင်းအမှတ်စဉ် ၁ ကို ကရင်လို ဆိုပါတယ်။

ကျွန်မလဲ ခလေးပီပီ သီချင်း စာအုပ်ကိုင်ပြီး လိုက်ဆိုပါတယ်။ သီချင်း ဆုံးသွား တာနဲ့၊ အဘိုးက ကျွန်မတို့ မိသားစုအတွက် ဆုတောင်းပေးပါတယ်။ အဲဒီအဘိုးကို ကျွန်မ မသိပါဘူး၊ ကျွန်မတို့ မိသားစုနဲ့လဲ သွေးမတော်ပါဘူး၊ အဘိုးက အိမ်လာတိုင်းမှာ ကျွန်မနဲ့ ကျွန်မရဲ့ မိခင် ၂ ယောက်တည်းပဲ အိမ်မှာ ရှိပါတယ်။ ဆုတောင်းပြီး တာနဲ့ အဘိုးက ကော်ဖီနဲ့ မုန့်ကိုစားရင်း ကျွန်မရဲ့ မိခင်ကိုမေးပါတယ်။ မြေရှာ ဝယ်လို့ ရပြီးလား တဲ့၊ ကျွန်မရဲ့မိခင်ကလဲ ဘယ်သူမှ ကျွန်မတို့ကို မြေ မရောင်း ပေးဘူး၊ ဒါကြောင့် မော်ဘီမှာပဲ ပြန်နေမယ်လို့ အဘိုးကိုပြောပါတယ်။ ဒါနဲ့ အဘိုးက ပြောပါတယ်။ ငါ့အိမ်ကို ဝယ်မှာလားတဲ့၊ ကျွန်မ ယုံတောင် မယုံ နိုင်လောက်အောင် ကြားလိုက်ရခြင်းပဲ၊ ဒါဟာ ဘုရားသခင် ကျွန်မတို့ မိသားစု ဆီကို ကူညီမဲ့လူ လွှတ်ပေးတာ ဆိုတာ ကျွန်မ သိလိုက်ပါပြီ၊ ကျွန်မ ရင်ထဲမှာ ဘုရားသခင်ကို ကျေးဇူးတင် နေပါတယ်၊ ကျွန်မရဲ့မိခင်က အဘိုးကိုမေးပါတယ်။ ကျွန်မတို့အိမ်ဝယ်တော့ အဘိုးက ဘယ်မှာသွားနေမှာလဲတဲ့။ နင်ငါ့အတွက် မပူပါနဲ့၊ ငါ့မှာနေစရာ အများကြီး ရှိပါတယ်၊ ဝယ်မလား၊ မဝယ်ဘူးလားဆိုတာကို ပြောပါတဲ့၊ ကျွန်မရဲ့ မိခင်ကလဲ ဝယ်မယ်လို့ အဘိုးကို ပြောပါ တယ်၊ ကျွန်မ မိခင်က အဘိုးကို နွေရာသီ ကျောင်းပိတ်ရက်ရောက်မှ အဘိုးအိမ်ကို ပြောင်းလာ မယ်လို့ ပြောပါတယ်၊ ကျွန်မတို့နေတဲ့ ခြံရှင်အဘိုးကို ပြောပြထား ပါတယ်။ ခလေးတွေ ကျောင်းပိတ်ရက် ရောက်မှ အဘိုးအိမ်ကို ပြောင်းလာမယ်လို့ ပြောပါတယ်၊ ကျွန်မတို့အိမ်ရှာလို့ရပြီး၊ ခြံရှင်အဘိုး ကလည်း သဘောတူ ပါတယ်။ မတူတာက သူ့ရဲ့သားမက်ပါ။ ကျွန်မတို့မိသားစု မပြောင်းမချင်း အိမ် ရှေ့မှာ သစ်ပင်တွေ လာစိုက်၊ အိမ်နောက်ဖေးဘက်မှာဘဲ ရေခပ်လို့မရအောင် သစ်ပင်တွေ လာစိုက်ထားပါတယ်။ ချက်ပြုတ်ဖို့အတွက် ရေခပ်ရင် အိမ်ရှေ့ကနေ အိမ်ပေါ်ကို လှမ်းတက်ရတော့ ကျွန်မ မိခင် တော်တော် ဒုက္ခရောက်ပါတယ်။ ဒါနဲ့ ကျွန်မရဲ့ မိခင် အိမ်ရောင်းပေးတဲ့ အဘိုးကို အကြောင်းစုံသွားပြော တော့၊ အဘိုးက ပြောပါတယ်။ ဒါနဲ့ ကျွန်မရဲ့မိခင် အိမ်ရောင်းပေးတဲ့ အဘိုးကို အကြောင်းစုံ သွားပြော တော့၊ အဘိုးက ပြောပါတယ်၊ သူ့သားက တော်တော်ဆိုးတာပဲတဲ့၊ တူမလေးတို့ ပြောင်းလာကြတဲ့၊ အဘိုးတခြားကို ထွက်သွားပေးမယ်တဲ့၊ အဘိုးက သူ့ရဲ့ အိမ်ကို ၂၅ကျပ်နဲ့ ရောင်းပါတယ်၊ ကျွန်မတို့ လည်း ကျောင်းတစ်ဖက်နဲ့ အိမ်ပြောင်း ရပါတယ်၊ ဘာကြောင့် သူ့သားမက် ဒီလိုလုပ်ရသလဲဆိုတာကတော့ ကျွန်မရဲ့ မိခင်ကို မနာလိုလို့ပါ၊ ကျွန်မရဲ့မိခင် ဈေးရောင်းတာ အရမ်းရောင်း ကောင်း ပါတယ်။ ဟင်းရွက်ရောင်းတာ အင်းစိန်ဘူတာဈေးကို မနက်တစ်ခေါက်၊ ညနေ တစ်ခေါက် သွားယူပါတယ်၊ သူ့ သားမက် အဲဒီမှာလာနေတော့ ကျွန်မ မိခင် ဈေးရောင်းတဲ့ အတိုင်း ရောင်းပါတယ်၊ သူရောင်းတာ မကုန် ပါဘူး၊ ကျွန်မရဲ့ မိခင်ကတော့ ပုံမှန်အတိုင်းပဲ ဈေးသွားနေရပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ပေါ့၊ တစ်နေ့တော့ ကျွန်မတို့နေခဲ့တဲ့ ခြံရှင်အိမ်ကို လာပါ တယ်။ သူ့ရဲ့ သားမက် လုပ်ရပ်တွေ အတွက် သူလာ တောင်းပန်တာပါ။ အဲဒီ အဘိုးကို ကျွန်မ ကြည့်တော့ သူတောင်းပန်တာက ကျွန်မရဲ့ မိခင်ကို ထိုင်ရှိခိုး မတတ် တောင်းပန် တာတွေ့ရပါတယ်။ ကျွန်မရဲ့မိခင်က အဘိုးကိုပြောပြပါတယ်။ တောင်းပန်စရာ မလိုပါဘူး၊ ကျွန်မတို့မှာ အိမ်ရှိပြီပဲ ဒါကြောင့် အဘိုး သားမက် လုပ်ရပ်ကို အပြစ် မတင်ပါဘူး၊ ခွင့်လွှတ်ပြီးသားပါလို့ ပြောလိုက်ပါတယ်။ အဲဒီ အဘိုးက ကျွန်မရဲ့ မိခင်ကို သူ့ရဲ့ တုတ်ကောက် တစ်ခုပေးပါတယ်။ ကျွန်မရဲ့ မိခင်ကလည်း ပြောပါတယ်။ ပြန်ယူသွားပါ၊ အဘိုး ဒီ တုတ်ကောက်၊ တောင်ဝှေး မရှိရင် လမ်းဘယ်လိုလျှောက်မလဲလို့မေးတော့ သူက ကိစ္စမရှိဘူး၊ ဒီပစ္စည်းကိုယူ ပါဆိုပြီး ကျွန်မရဲ့ မိခင်လက်ထဲကို အတင်းပေးခဲ့ပါတယ်။ ဒီကိစ္စကို ပြန်တွေးမိ တိုင်း ကျွန်မ ရင်ထဲမှာ ဘယ်လိုမှ မေ့ပျောက်လို့မရပါဘူး၊ ကျွန်မရဲ့ မျက်စိထဲမှာ မြင်ယောင်ဆဲပါ။ အကြောင်းတစ်ခုခု ရှိမယ်လို့တော့ ကျွန်မ ထင်ပါတယ်။ သားမက် အတွက် လာ တောင်းပန်တဲ့ အဘိုးကို မြင်ယောင်မိတိုင်း ကျွန်မ အရမ်း သနားမိပါတယ်။ သားမက် အတွက် လာတောင်းပန်းတဲ့ အဘိုးကို မြင်ယောင်မိတိုင်း ကျွန်မ အရမ်းသနား မိပါတယ်၊ ကျွန်မ တို့နေခဲ့တဲ့ ခြံရှင် အဘိုး တုတ်ကောက် မရှိတော့။ လမ်းလျှောက်တာ မတွေ့ရတော့ဘူး၊ ၁လလောက် အကြာမှာ အဲဒီအဘိုး အိပ်ပျော်ရင်းနဲ့ သေသွားပြီဆိုတဲ့ သတင်းကိုကြားရပါတယ်၊ ကျွန်မတို့ကိုအိမ် ရောင်းပေးတဲ့ အဖိုးကတော့ အင်းလျားလမ်းကို ပြောင်းသွားပါ တယ်။ ကျွန်မတို့ အဘိုးအိမ်မှာ နေပေမဲ့ အဘိုးက ကျွန်မတို့ မိသားစုကို ပစ် မသွားပါဘူး၊ တစ်လ ၁ခါ၊ ၂ခါ အမြဲလာပါတယ်၊ ကျွန်မတို့ အခု နေတဲ့ အိမ်အသစ်က ကုန်းဆင်းလေးဖြစ်တော့ အဘိုးလာတိုင်း လမ်းထိပ်ကနေ ကျွန်မ မိခင်ကို လှမ်း ခေါ်ပါတယ်။ အဘိုးက အသက်လဲကြီး။ ဝလဲ ဝတော့ မဆင်းနိုင် ဘူးပေါ့၊ ဒါကြောင့် ကျွန်မရဲ့မိခင် မအားရင် ကျွန်မကိုယ်တိုင် အဘိုးကို သွားတွဲပါတယ်။ အဘိုးက ရပ်ကွက်ထဲ လာတိုင်း၊ သူ့ရဲ့အမျိုးတွေ ဆီ မသွားသေးပဲ ကျွန်မတို့ရဲ့ အိမ်ထဲကို အရင်ဝင်ပါတယ်၊ အဘိုးလုပ်နေကျအတိုင်းပဲ ကျမ်းစာဖတ်၊ သီချင်းဆို ဆုတောင်းပြီးမှ သူ့အမျိုးတွေအိမ်ကို လိုက်ပို့ပေး ရပါတယ်။ အဘိုး သေပြီးတဲ့ နောက်ပိုင်းမှာ ဆရာတစ်ပါး မိခင်နေရာက မြေကွက်လပ် တွေရယ်၊ ကျွန်မ အဖေ သူငယ်ချင်းနေတဲ့နေရာက မြေကွက် လပ်တွေကို ရောင်းပါတယ်၊ ကျွန်မလဲ ဘုရားသခင်ကို အပြစ်တင်ပါတယ်၊ ဟိုးတုန်း ကတောင် ဝယ်တော့ မရောင်းနိုင်ဘူး။ အခုလို အိမ်ရှာဝယ်လို့ရမှပဲ ရောင်းတယ်၊ ကျွန်မ ဘုရားသခင်ကို စိတ်ဆိုးပါတယ်။ အခုလို June July လတွေမှာဆိုရင် ရေကြီးပါတယ်။ အဲဒီ နေရာမှာ အိမ်တွေနဲ့ ပြည့်ကျပ်နေပါ တယ်။ မိုးတွင်းပိုင်းဆိုရင် ရေကြီးတယ်၊ တစ်ချို့ အိမ်တွေဆိုရင် ရေမြုပ်တယ်၊ တစ်ချို့အိမ်ထဲအထိ ရေ ဝင်လို့ အပေါ်ထပ် မှာ တက်နေရတယ်။ အခုတော့ ကျွန်မ ဘုရားသခင်ရဲ့မေတ္တာ၊ စေတနာကို နား လည် သဘောပေါက်ပါပြီ။ ကျွန်မတို့ မိသားစု ဒုက္ခရောက်မှာစိုးလို့ အဲဒီ မြေကွက် တွေကို ဘုရား သခင် မရောင်း ပေးတာကိုး၊ မြေကွက်တွေ ဝယ်လို့ ရရင် တော့ ကျွန်မတို့မိသားစု



သခင့်စကား ဝိညာဉ်ရေးရာစာစောင်အမှတ်စဉ် ၁၀၅၊ မေလ ၂၀၁၀ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ရေထဲမှာပဲ နေရမယ် ဆိုတာ ဘုရားသခင်က ကြိုတင် သိထား တဲ့အတွက် ကျွန်မတို့ မိသားစုအတွက် အကောင်းဆုံးပြင်ဆင် ပေးတာ ကို အခုတော့ ကျွန်မ သိပါပြီ၊ ဒါကြောင့် ဘုရားသခင်ကို အပြစ်တင် ခဲ့မိတဲ့ အတွက် ခွင့် လွှတ်ပါ လို့ ဆုတောင်းရင်း ကိုယ်တော်ကို ကျေးဇူးတင် လျှက်ပါ။ ။ မိငယ် (အင်းစိန်)

---

## သက်သေခံချက် *(တောနှင်းပန်း)*

မိခင်တစ်ဦးသည် မိမိ သားသမီးတစ်ခုခုဖြစ်မှာ စိုးရိမ်ပူပန်ကျစမြဲဆိုတာ လူတိုင်း လက်ခံပါလိမ့်မယ်။ ကျွန်မကို မိခင်တစ်ယောက် ဖြစ်ခွင့်ပေးတဲ့ ဘုရားရဲ့ ကျေးဇူးကို ချီးမွမ်း မိပါတယ်။ ကျွန်မတို့ရဲ့ ဇနီးမောင်နှံဟာ အိမ်ထောင်သက် (၃)နှစ်အထိ သားသမီး မထွန်းကားခဲ့ပါဘူး။ သမီးလေးကို ဘုရားရှင်က ၂၀၀၆မှာ ပေးခဲ့ပါတယ်။ သမီးဦးလေး ဖြစ်တော့ ချစ်လို့ မဝပေါ့။ သမီးလေး (၄)လမှာ ညနေ ရောက်တိုင်း လေထိုးလို့ ငိုရတယ်။ သမီးလေးကို ချော့လို့မရဘူး၊ နေ့တိုင်း နေ့တိုင်း ဒီလိုဖြစ်ရင် မဖြစ်ဘူးဆိုပြီး ဘုရားရှင် သမီးကို ကူညီပါအုံး၊ ကျွန်မ သမီးလေးကို ကျွန်မ သနားတယ်ဆိုတော့၊ ဘုရားရှင်က ကျွန်မကို ချီးမွမ်းဖို့ သတိ ပေးပါတယ်၊ ကလေးအတွက် ဆေး ကတော့ ချီးမွမ်းခြင်း သီချင်းဆေး ပဲပေါ့၊ ကျွန်မ ညနေခင်း ရောက်လာပြီဆိုရင် သမီးကိုချီပြီး သီချင်းတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ဆိုတာ Non-stop music ပေါ့၊ ကျွန်မ သမီးလေးဟာ တဖြေးဖြေးနဲ့ ညနေပိုင်း ငိုတဲ့အကျင့်ဟာ ပျောက်ကွယ်သွားခဲ့ပါတယ်။ ချီးမွမ်းခြင်း တန်ခိုးပါပဲ။

သမီးလေး (၁)နှစ်နဲ့ (၂)လ လောက်မှာလည်း အပြင်းဖျားပြီး တစ်ကိုယ်လုံး အဖုတွေ ထွက်လာ တယ်။ ဆရာဝန်က Virus Infection တဲ့။ ကျွန်မ က သာမာန်ပဲ ထင်ခဲ့တာ။ ဆရာဝန်က သွေးစစ်ခိုင်းတယ်။ တစ်ပတ် တစ်ခါ၊ ကျွန်မ အရမ်း စိုးရိမ်ခဲ့တယ်။ အဲဒီအချိန်မှာ ဘုရားကို ယုံကြည်အားကိုးရမှာကို ကျွန်မ ဆရာဝန် အားကိုးမိတော့၊ ဆရာဝန်က အမျိုးမျိုး ရောဂါတွေ လျှောက်ပြော၊ ရောဂါ ပိုးတွေ စစ်ခိုင်းနဲ့ ကျွန်မရဲ့ စိုးရိမ်မှုဟာ ငယ်ထိပ်ထိ ရောက်ခဲ့ပါတယ်။ ဘုရားရှင်သည် ကျွန်မထံ ဘုရားချစ်တဲ့ ကျွန်မရဲ့အဒေါ် သူနာပြု ဆရာမကြီးကို စေလွှတ် ခဲ့ပါတယ်။ ကျွန်မကို ကြည့်ပြီး ဘုရားရှင်အပေါ်ထားတဲ့ နင့်ရဲ့ ယုံကြည်ခြင်းတွေ ဘယ်ရောက် ကုန်ပြီလဲလို့ ဆုံးမပြီး ကျွန်မကို ဆုတောင်းပေးပါတယ်။ ကျွန်မ မျက်ရည် ကျမိပါတယ်။ ကျွန်မရဲ့ ဒီမျက်ရည်ကတော့ သမီးအတွက် မဟုတ်ဘူး၊ ဘုရားရှင်ကို ကျွန်မ စွန့်ပယ်မိသလို ဖြစ်ခဲ့လို့ ဒီမျက်ရည် ကျခဲ့ရတာပါ။ ကျွန်မရဲ့ စိုးရိမ်မှုတွေသည် နောက်ဆုံး ဘုရားကို မယုံကြည်အောင် တွန်းပို့ခြင်းဖြစ်တာကို ကျွန်မ သိခဲ့ရတယ်။ အပြစ် ရောက်စေတယ်လို့ သွန်သင်ခံရပြီး သမီးလေးကို ဘုရားရဲ့ လက်ထံပြန်အပ်ပြီး ဘုရားရှင်ကို (သု ၃း၁၈) အတိုင်း ဉာဏ်ပေးပါ။ သမီးလေးကို ဘယ်လို ပြုစုရမလဲဆိုတဲ့ ဉာဏ်ကို တောင်းခံခဲ့တဲ့အခါ ကျွန်မ သမီးလေးကို ကောင်းကောင်းပြုစုနိုင်ခဲ့ပါတယ်။ Virus Infection ရခဲ့တဲ့ သမီး လေးဟာ နာစေးနေတတ်တယ်။ ကျွန်မ ဘာဆေးမှ မတိုက်ပဲ သမီးလေးကို ဆံပင် မညှပ်ပဲ အရှည်ထားပေးလိုက်ပြီး မကြာခင်မှာပဲ၊ နာစေး ပျောက်သွားခဲ့တယ်။ ဘုရားဆီကလာတဲ့ ဉာဏ်အားဖြင့်သာ ဖြစ်ပါတယ်။ ဒီသက်သေခံချက် မရေးခင် တစ်လ လောက်ထိ မကြာခဏ ဝမ်းချုပ်တဲ့ သမီးလေးကို ၂ရက် တစ်ခါ ဝမ်းအမြဲ ချူပေးရတယ်။ ကလေး ကလည်း နာလို့ငို၊ ဆေးထည့်ပေးရတဲ့ ကျွန်မကလည်း စိတ်မကောင်း၊ နောက်ဆုံး ဘုရားရှင်ထံပဲ ပြေးပြီးအကူအညီတောင်းခဲ့တယ်။ ဘုရားရှင်ထံ ဆုတောင်းပါတယ်။ ကျွန်မ သက်သေခံပါမယ်။ ကိုယ်တော့် တန်ခိုးတော်၊ ကိုယ်တော်ရဲ့ ကောင်းမြတ်ခြင်းကို သက်သေခံပါမယ်လို့ ပြောပြီး မနက်တိုင်း သူသောက်တဲ့ ရေကို ဆုတောင်းပေးပြီး တိုက်ခဲ့ပါတယ်။ အခု သမီးဟာ ဝမ်း ပုံမှန်ဖြစ်လာခဲ့ပါပြီ။ အိမ်ထောင်မှာ သားသမီးများ ကျန်းမာခြင်းသည်လည်း မိသားစုအတွက် ဘုရားပေးတဲ့ မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။ ကျွန်မလို မိခင်များကိုလည်း ကျွန်မလို လူကို အားမကိုးမိစေပါနဲ့၊ လူကိုအားကိုးခြင်း သည် ကျွန်မ တို့အတွက် စိုးရိမ်သောက ပိုပွားစေပါတယ်။ ဘုရားရှင် အားကိုးခြင်းဖြင့် ကျွန်မ တို့ကို အမြဲကောင်းကြီးပေးသော ဘုရားထံမှ ကျေးဇူးတော်မင်္ဂလာများကို ရယူ ပိုင်ဆိုင်ကြပါစို့။ "ကျေးဇူးတော် မင်္ဂလာနှင့် မင်္ဂလာများကို ရယူ ပိုင်ဆိုင်ကြပါစို့၊ မင်္ဂလာရှိပါစေသော်၊ ဘုန်းကြီး ပါစေသော" အာမင် . . (ဆာလံ ၁၁၈း၈) ထာဝရ ဘုရား၌ ခိုလှုံခြင်းသည် လူကိုကိုးစားခြင်းထက် သာ၍ကောင်း၏။

*( တောနှင်းပန်း )*

## ''ချစ်မိပြီ'' *နီနီ*

အဆိုတော် တစ်ယောက် ရဲ့ " Hey ... ဟိုအရင် မချစ်ခဲ့မိပါဘူး။ အခုမှ ငါ့စိတ်ရူး။ ငါ့အိပ်မက်ထဲ နင်လေ ဝင်ဝင်လာတာ ဘာ့ကြောင့်လဲ ..." ဆိုသလို ယုံကြည်သူ အသိုင်းအဝိုင်းက မဟုတ်တဲ့ နီနီဟာ ဟိုအရင်အချိန်က ဘုရားရှင် ယေရှုကို မချစ်ခဲ့မိပါဘူး။ ယခုအချိန်မှာတော့ ဘုရားရှင်ရဲ့ ကောင်းမြတ်သော ဆု ကျေးဇူးတွေကို ခံစားနေရသောကြောင့် ဘုရားရှင် ယေရှုကိုပဲ ချစ်တော့မယ်လို့ ဝန်ခံ ဆုံးဖြတ်မိပါပြီ။ တန်ခိုး အနန္တနှင့် ပြည့်စုံတော်မူသော ဘုရားရှင်သည် သား သမီး အယောက်စီ တိုင်းကို ချစ်ခြင်းမေတ္တာနှင့် ကောင်းမြတ်သော ဆုကျေးဇူး များကို ပေးစွမ်းနိုင်သူဟု ယုံကြည်ဝန်ခံပါ သည်။

နီနီရဲ့ ဘဝမှာ မျှော်လင့်မထားသော "နာဂစ်" ဆိုသော မုန်တိုင်းတစ်ခုကြောင့် ဆုံးရှုံးသွားတဲ့ မိသားစုနဲ့ ဘဝရပ်တည်မှု အခြေအနေကို ပြန်လည် တည်ဆောက် ရန်အတွက် အလွန်မက်မောပျော်ရွှင် ခဲ့ရသော ဆံထုံးမှာ ပန်းပန်၍ လုံချည် အစိမ်း၊ အင်္ကျီအဖြူနှင့် ဆွဲခြင်းကလေးဆွဲပြီး စာသင်ခဲ့ရတဲ့ ဆရာမ ဘဝကို ပြောင်းလဲပြီး အရှက်လုံရုံ ဘောင်းဘီတိုကို ဝတ်၍ သံပတ်ပေးထားသော စက်ရုပ် အသွင် နှင့် စိတ်ပင်ပန်းကြီးစွာ စင်ကာပူမှာ အလုပ်လုပ်နေရချိန်မှာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် သူငယ်ချင်း 'ကုန်း" နှင့် စတွေ့ဆုံခွင့်ရခဲ့ပါတယ်။ အဲဒီနောက် Sunday တိုင်း စာတွေအပြန်အလှန်ရေးကြပါ တယ်။ ကုန်းက နီနီကို ဘုရားသခင်ရဲ့ စာအုပ်တွေ ပေးဖတ်ခိုင်းတယ်။ နီနီအတွက် ဆုတောင်း ပေးခြင်း နှင့် ဘုရား သခင်ရဲ့ ချစ်ခြင်းမေတ္တာကို ရယူစေပါတယ်။

နီနီက စာချုပ်ထဲမှာ Without off day ပါ။ ကုန်းက နီနီကို ပြောတယ်။ ထွက်ခွင့် တောင်းကြည့်။ သူ ဆုတောင်းပေးမယ်တဲ့။ ဘုရားသခင်ရဲ့ ကျေးဇူး တော်ကြောင့် ပထမအကြိမ် Merry Christians Day မှာ နီနီ ထွက်ခွင့် ရတယ်။ ထွက်ခွင့်ရရင်ဘုရားကျောင်းကို အတူသွားမယ်လို့ ပြောခဲ့ကြ ပေမယ့် ကုန်းနှင့် နီနီက ထွက်ချိန် မတူတာရယ် နီနီကလည်း ဘယ်မှ မသွားတတ်၍ လာခေါ်သော သူငယ်ချင်းများနှင့် "Sentosa" အပန်းဖြေကျွန်းကို လိုက်သွားမိတာကြောင့် ဘုရားကျောင်းကို မရောက်ခဲ့ပါဘူး။ ဒုတိယအကြိမ် Myanmar! Happy New Year မှာလည်း ထွက်ခွင့်ရပေမယ့် သင်္ကြန်ဆိုတော့ Toa Payoh ဘုန်းကြီးကျောင်းမှာ အရမ်းပျော်နေမိတယ် ပြီးတော့ သူငယ်ချင်းတွေနဲ့ လျှောက်လည် နေမိတာနဲ့ပဲ ဘုရားကျောင်းလည်း မရောက်ခဲ့ပြန်ဘူး။ တတိယအကြိမ် နီနီ့ မွေးနေ့မှာလည်း East Coast သွားလည်းပြီး ရေကူးတာနဲ့ အချိန်ကုန်မှ အိမ်ပြန်ရောက်တဲ့အတွက် ဘုရားကျောင်းလည်း မရောက်ပြန်ဘူး။ စတုတ္ထအကြိမ် ထွက်ခွင့် တောင်းပြီး ရခဲ့ရင်တော့ ဘုရားသခင်ဆီ မရောက် ရောက်အောင် သွားမယ်လို့ ဆုံးဖြတ်ထားခဲ့တယ်။ အဲဒါနဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ထွက်ခွင့် ရတော့ သူငယ်ချင်း ကုန်းကို သူ ဘုရားကျောင်းမှာရှိတဲ့အချိန် နီနီ ဖုန်းနံပါတ်ကိုခေါ်ပါလို့ ပြောလိုက်တယ်။ အဲဒီနေ့က သူကလည်း အလုပ်ရှုပ် သွားလို့ ထွက်လာတော့ နီနီ ဖုန်းနံပါတ်စာရွက် မေ့ကျန်ခဲ့တော့ နီနီကို မခေါ်တတ်ဘူးလေ။ နီနီ ကလည်း ကုန်း နီနီကို မခေါ်တာ မအားလို့လား မသိဘူးဆိုဘူး ရောက်အောင် သွားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်အတိုင်း သူငယ်ချင်းကိုပဲ ဘုရားကျောင်း လိုက်ပို့ခိုင်းခဲ့တယ်။

ဘုရားကျောင်းကို ရောက်တော့ ကြိုဆိုရေးအဖွဲ့က မောင်နှမတွေက ယဉ်ကျေး ပျူငှာစွာ ကြိုဆိုကြပါတယ်။ ဒါပေမယ့် နီနီတို့ကလည်း တစ်ခါမှ မရောက်ဖူး။ ကုန်း နှင့်ကလည်း မတွေ့။ ကြိုဆိုရေးက အစ်မတွေကို မေးတော့လည်း လူက အများကြီးဆိုတော့ မသိဘူးတဲ့ နီနီတို့လည်း ဘာလုပ်ရ မှန်းမသိတာနဲ့ ဘုရားကျောင်းထဲတောင် မဝင်ဖြစ်ဘဲ ယောင်လည်လည်နှင့် ပြန်လာခဲ့ရတယ်လေ။ ဘာပဲ ပြောပြော ဘုရားသခင်ရဲ့ ဘုမိနသဿန်ကိုတော့ ပထမဆုံးအကြိမ် ရောက်ရှိ ခွင့်ရတဲ့ နီနီဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ချစ်မေတ္တာကြောင့် ရင်ထဲမှာ ဝမ်းမြောက်ခြင်းကို ခံစားရပါတယ်။ သူငယ်ချင်း ကုန်းကိုလည်း ပြောလိုက်တယ် ဒီတစ်ခါ ထွက်ခွင့်ရရင်တော့ ပထမဆုံး ဘုရားကျောင်းကို ရောက်အောင် လာပြီးမှပဲ ကျန်တဲ့နေရာသွားတော့မယ်လို့ နီနီရဲ့ အသက်တာအတွက် ဘုရားသခင် ဟာ ပထမ ဖြစ်လာပါပြီ။ ဘုရားသခင်ကိုလည်း ယုံကြည်ကိုးစား ချစ်မိလာပါပြီ။ ကျေးဇူးတော်ကိုလည်း ဝန်ခံချီးမွမ်းတတ်လာပါပြီနော်။ ၆-၉-၀၉ ရက်နေ့ဆို နီနီ စင်ကာပူ ကိုရောက်တာ (၁)နှစ်ပြည့်ပါပြီ။ အဲဒီအခါကျရင် တစ်လတစ်ခါ ထွက်ခွင့် ရပြီး ဘုရားကျောင်းတက်ဖို့ ဝိညာဉ်မောင်နှမများ

နီနီအတွက် ဆုတောင်းပေးကြပါနော် အဲဒီအတွက် ဘုရားသခင် ကောင်းကြီးပေးပါစေ။

ယခုလို သခင့်စကားစာစောင်မှတဆင့် ဘုရားသခင်ကို အရမ်း ချစ်မိပြီ ဆိုတဲ့ အကြောင်းနှင့် ဘုရားသခင်ရဲ့ မေတ္တာခါတ်ကြောင့် ကောင်းကြီးတွေကို ခံစားနေရပြီဖြစ်တဲ့အကြောင်းကို ဝန်ခံခွင့် ရလို့ ထုတ်ဝေသူ အယ်ဒီတာနှင့် သူငယ်ချင်း မာရာနသာ နီနီခိုင်တို့ကို ကျေးဇူးတင်လျက်ပါ။ အဲဒီအတွက် ဘုရားရှင် ကောင်းကြီးပေးပါစေ။ နီနီဟာ ဖခင်တစ်ယောက်ဆီက မုန့်ဖိုး အလွန်အကျွံ တောင်းပြီး ရရှိလာတဲ့ အခွင့်အရေးတွေကို အလွဲသုံးစားလုပ်နေမိသလို ခံစားရတဲ့ အတွက် အပြစ်တော်ဝန်ခံခြင်းနှင့် ကျေးဇူးတော်ကို ချီးမွမ်းပါမယ်။ စာဖတ်သူ ဝိညာဉ် မောင်နှမများ အားလုံး ဘုရားသခင်ရဲ့ ကောင်း ကြီးတွေ ခံစား နိုင်ပါစေ။ စစ်မှန်စွာ ချစ်မိပြီ။ ။ *နီနီ*

---

## သက်သေခံချက် *'မကောက်မလေး'*

ကျွန်မ ခံစားရတဲ့ ကောင်းချီးမင်္ဂလာတွေ အများကြီး ထဲမှာမှ အနည်း ငယ်ကို ဝေမျှသက်သေခံချင်ပါ တယ်။ ကျွန်မဟာ ပထမ စင်ကာပူမှာ (၃) နှစ် နေခဲ့ပါတယ်။ အိမ်ဖော်အလုပ်နဲ့ပေါ့။ ကျွန်မ ဒီစင်ကာပူကို မရောက်ခင်မှာ သတိရတိုင်း နှလုံး သားထဲကနေ လှိုက်လှိုက် လှဲလှဲ ဆိုတောင်းခဲ့တယ်။ ကျွန် အလုပ် လုပ်ရမဲ့ အိမ်ဟာ –

၁။ခရစ်ယာန်အိမ်။ ၂။မိသားစု နည်းရမယ်။ ၃။သမီး မရှိရဘူး။ ၄။ ကျွန်မကို သမီးလို ချစ်ရမယ်။ ၅။ မိသားစုလို နေရမယ် ဆိုပြီးဆုတောင်းခဲ့တယ်။

ဒါနဲ့ ၂၀၀၅ အောက်တိုဘာလမှာ စင်ကာပူကို ရောက်တယ်။ အင်္ဂလိမ် စကားလည်း သိပ်မပြောတတ်ဘူး။ အေးဂျန့်ဆီမှာ ကျွန်မကို လာခေါ်တော့ သူမ အင်္ဂလိပ်လို အားနည်းတယ်လို့ ပြောတော့ သူဌေးမက ကိစ္စမရှိဘူး sorry, Thank you, Good night, Good morning ပြောတတ်ရင် ရပြီတဲ့။ ကျွန်မ ဘုရားသခင်ကို ဟာလေလုယာလို့ ချီးမွမ်းမိတယ်။ ကျွန်မ တခု ပြောချင်တာက ဘုရား သခင်ကို ဆုတောင်းတဲ့အခါ သေချာထိုင်ပြီး ဆုတောင်းမှ မဟုတ်ဘူး။ အရာ တခုခု လုပ်ဆောင်နေရင်း ရင်ထဲက နှလုံးသားထဲက စိတ်ပါပါနဲ့ ဆုတောင်းပါ ဘုရားသခင်အဖြေပေးပါလိမ့်မယ်။

ကျွန်မ တောင်းတဲ့အတိုင်း ဘုရားသခင် အဖြေပေးပါတယ်။ ကျွန်မ အခု လုပ်ရတဲ့ အိမ်က တောင်းခဲ့တဲ့ ဆု(၅)ချက်လုံးနဲ့ ကိုက်ညီတယ်။ အခုချိန်ထိလဲ ကျွန်မ ရင်ထဲမှာ ပထမ အိမ်ရှင်ကိုမမေ့ပါ။ ကျေးဇူးတင်နေတုန်းပဲ။ သူ ကျွန်မကို အကုန် သင်ပေးတယ်။ နောက်ဆုံးသူတို့ဆီမှာ ကျွန်မ လေ့လာတယ်။ စက်ချုပ်၊ ချည်ထိုး၊ ပန်းထိုးမှအစ သူ့သမီး တယောက်လို သင်ပေးတယ်။ သူမရဲ့ အလုပ် အကိုင်မှာ အဆင်မပြေမှုလေးတွေ ရှိခဲ့ရင် ကျွန်မကို ဆုတောင်းပေးပါလို့ ပြောလေ့ ရှိတယ်။ ဒါပေမယ့် လူတွေပဲ အပြစ်နဲ့ ကင်းတဲ့သူ တယောက်မှ မရှိပါဘူး။ ကျွန်မ မှာလဲ ပျော်စရာတွေ ကြီးပဲလို့မထင်ပါနဲ့ အခက်အခဲလေးတွေ မျိုးစုံ ကျော်ဖြတ် ရတယ် ဘုရားသခင်ဆီမှာလဲ မျက်ရည်ကျပြီး ဆုတောင်းခဲ့ရဘူးတယ်။ သည်းခံပြီး စိတ်ညစ်တဲ့အခါတိုင်း သူ့ရဲ့ကောင်းကွက်လေးတွေနဲ့ ဖြေသိမ့် ရတယ်။

အိမ်က ကြီးတယ် ဒီကြားထဲ အပင်တွေက ပါလိုက်သေး။ နေ့လည်စာ ချက်၊ ညစာချက်၊ ဈေးသွား၊ ကားဆေး၊ အခန်း(၅)ခန်း သန့်ရှင်းရေး လုပ်ရတယ်။ ပျော်ပါတယ်။ ဒါပေမယ့် တခါတခါ ကျွန်မ အလုပ်မှာ အမှားလေးတွေရှိတယ်။ စရောက်ချင်း အပင်ကို ဆေးမှားထည့်လို့ အပင်သေလို့ဆိုပြီး စိတ်ဆိုးခံရတယ်။ နောက် အဝတ်လျှော်တယ် အရောင်စွန်းတယ် (၂)ရက် အနည်းဆုံး စကား မပြော ဘူး။ ခွက်ကွဲလို့ မျက်နှာ မကြည်ဘူး။ ဒီအခက်အခဲကြားထဲမှာမှ ကျွန်မကို ချစ် လာဖို့ ကျွန်မကို စိတ်ရှည်ဖို့ အမြဲဆုတောင်းတယ်။ ကျွန်မ ဘက်က ဘယ်လောက် တောင် စွန့်လွှတ်လဲဆိုရင် ကျွန်မမှာ ပိတ်ရက် ရှိတယ်။ ဒါပေမယ့် ကျွန်မ မယူဘဲ သူတို့မိသားစုလို နေပေးတယ်။ မထွက်ချင်ဘဲ ဘယ်နေပါ့မလဲ။ သူတို့ မွေးနေ့မှာ ကျွန်မ လက်ဆောင်ဝယ်ပေးတယ်။ တန်ဖိုး မရှိပေမယ့် သူတို့ရဲ့ စိတ်ထဲမှာ ကျွန်မ ဟာ အလေး ထားတယ်ဆိုတာ သူတို့သိအောင် ကျွန်မ ကြိုးစားခဲ့ရတယ်။

အဝတ်စွန်းတိုင်းလဲ အိမ်ရှင်မ ရဲ့အကျႌပဲ စွန်းတယ်။ ကျွန်မ မပြောရဲဘူး အနည်းဆုံး (၂) ရက် လောက်တော့ ဖွက်ထားမိတယ်။ ကျွန်မ နေ့တိုင်း ကျမ်းစာ ဖတ်တယ်။ အထင်တော့ မကြီးပါနဲ့ မြန်မာပြည်မှာ အသက်(၁၉)နှစ်ထိ တခါမှ ကျမ်းစာအုပ် တစ်အုပ်မပြီးဘူး။ စင်္ကာပူမှာ ပျင်းတော့ ဖတ်စရာလဲ မရှိ တစ်ခုပဲ ရှိတယ်။ ကျမ်းစာအုပ်ဘဲပေါ့၊ စင်ကာပူ လာတာတောင် ကိုယ့်ကိုယ်ကို ကျေးဇူး တင်မိတယ်။ ဒုက္ခ ရောက်တဲ့အချိန် ဆိုရင်တော့ ဦးဆုံးသတိရတာ ဘုရားပဲ။ ကျမ်းစာ ထဲမှာ ဘာတွေ့လဲဆိုတော့။ သုတ္တံကျမ်း ၂၈း၁၃ မိမိအပြစ်ကို ဖုက်ထား သော သူသည် ချမ်းသာမရ။ မိမိ အပြစ်ကို ဖော်ပြဝန်ချ စွန့်ပစ်သောသူမူကား ဂရုဏာတော်ကို ခံရလိမ့်မည်။တဲ့။ ဒါနဲ့ ကျွန်မ အကြိမ်ကြိမ် ဆုတောင်းပြီးမှ သူဌေးမ ကို ဖွင့်ပြောပြီး တောင်း ပန်တယ်။ ဒီလောက် ဆုတောင်းတာတောင် စကား မပြောပဲ နေတယ်။ ပြန် မပို့တာပဲ ကျေးဇူးတော်ပဲလို့ တွေးနေမိတယ်။ နောက် သူအရမ်း မေ့တတ်တယ်။ ဒီလိုပဲလို့ ပြောပြီး နောက်နေ့ကျရင် မေ့ပြီး ဘာလို့ ဒီလို လုပ်တာလဲတဲ့။ ရှင်းပြရင်လဲ သူ့ကိုပြန်ခံပြောတယ်လို့ ထင်တယ်။ တခုပဲ ရှိတော့တယ် sorry လို့ပြောလိုက်တယ်။

ကျွန်မ ၃နှစ်ပြည့်ပြီး မြန်မာပြည်က အိမ်ကိုပြန်လည်တယ်။ အခု အိမ်ရှင်အသစ် တခုနဲ့ ထပ်ပြီး အလုပ်ရှာနေတယ်။ အခုလဲ ဒီလိုပဲ မိသားစု (၃)ယောက် ဒီတခါတော့ ကောင်မလေး (၁၁)နှစ်၊ ချက်ပြုတ်။ လိုတာ လုပ်ပေး ဒါလေးပဲ။ အခု ဒုတိယ တခါ ထွက်လာတော့ ဘုရားသခင်ဆီမှာ ဆုတောင်းတာ အရမ်းကြီး ဆုမတောင်း ဖြစ်ဘူး။ ဘာလို့လဲဆိုတော့ ကိုယ့်ကိုယ်ကို အားကိုး တတ်နေပြီလေ။ အင်္ဂလိပ်စကားလည်း ပြောတတ်တယ်။ လူဟောင်းလဲလည်း ဖြစ်တဲ့ အတွက် ဘုရားသခင်ဆီမှာ ဆုတောင်းတာ ပေါ့နေမိတယ်။ လိမ္မာပြီး၊ သမီး ထိန်းရ လွယ်တဲ့ ကလေးမျိုးဖြစ်ပါစေလို့ ဆုမတောင်းမိတာ နောင်တရတယ်။ တခါ တလေဆို စိတ်ဆိုး လွန်းလို့ စကားတောင် မပြောချင်တော့ဘူး နောက်မှ သိရတယ်။ ကောင်မလေးက ကျပ်သိပ် မပြည့်တဲ့ မျိုးရိုးက ကြောင်တောင် တောင်မျိုး။ ဘာပဲဖြစ်ဖြစ်လေ။ လစာပဲ များတယ်။ ပိတ်ရက်လဲ ၂ရက် ရတယ်။ ဒါဟာ ကျေးဇူးတော်ပဲ ဒီကောင်မလေး ကြောင့်နဲ့တော့ ဘယ်တော့မှ အိမ် မပြောင်း ဘူးလို့ ဆုံးဖြတ်ထားတယ်။

ကျွန်မ ရေးချင်တာက လူတိုင်းမှာ ကောင်းတာရှိသလို မကောင်းတဲ့ အရာ လေးတွေနဲ့ ဒွန်တွဲနေ တတ်တယ်။ ဘယ်လိုပဲ အခက်အခဲရှိရှိ။ ဘုရား သခင် ဆီမှာ ဆုတောင်းပါ။ "သင်တို့မခံနိုင်သော စုံစမ်းနှောက်ယှက် ခြင်းကို သင်တို့၌ ရောက်စိမ့်သောငှာ ကိုယ်တော်သည် အခွင့်မပေးတော်မမူ" ဒါကြောင့် အခုလုပ်နေ တဲ့ လက်ရှိအရာဟာ ကိုယ်လုပ်နိုင် မလုပ်နိုင်ဆိုတာ ဘုရားသိတယ်။ လုပ်နိုင်မယ် ဆိုတာသိလို့ ဘုရားပေးတဲ့ တာဝန်ကို ကျေပွန်အောင် လုပ်ရမယ်။ ခွန်အား တောင်းခံ ရမယ်။

ကျွန်မ ရောက်ခါစ မီးပူတိုက်ရတာ အရမ်းစိတ်ညစ်တယ် ဘာလို့လဲ ဆိုတာ ဖိပြီး တိုက်လို့လည်းမရ။ Steam အငွေ့နဲ့အပူ ပေးရတယ်။ ဒါနဲ့ ဆု တောင်းတယ်။ ဘုရားသခင် ကျွန်မ မီးပူ မတိုက်ချင်ဘူးလို့။ နောက်နေ့ ဆုတောင်းတဲ့ အရာက စဉ်းစားတော့ ငါဆို တောင်းတာ မှားနေပြီ။ အိမ်ဖေါ် အလုပ်က မီးပူ တိုက်ရမှာပဲ ဘယ်လို ဆုတောင်းတောင်း ငါတောင်းရမှာက လုပ်နိုင်တဲ့ ခွန်အား တောင်းရမှာ ကျွန်မ နောက်ပိုင်း ဘယ်အရာမဆို မလုပ်ချင် ဘူးလို့ မတောင်းတော့ဘဲ လုပ်ကိုင်နိုင်တဲ့ ခွန်အားပေးပါလို့ ဆုတောင်းတယ်။ အခုဆို အလုပ် လုပ်လို့ ကောင်းသလား မပြောနဲ့၊ ၂လထဲမှာလဲ ဖြစ်လာပြီ ဆိုတော့ ပျော်လာပါပြီ။ ကျွန်မတို့ အယောက်ဆီတိုင်း "နေပူထဲမှာ စိတ်ဒုက္ခခံရ နေရ ပေမယ့်" အားမငယ်ပဲ ကျွန်မတို့မှာရှိတဲ့အရာကို ဘုရားသခင်ဆီမှာ အပ်နှံ ပါ။ "နေရိပ်ထဲမှာ ကြီးပဲ နေရင်"တော့ (နေပူဒဏ်ကို မသိတဲ့အတွက် နေရိပ်ရဲ့ အရသာကို သိမှာ မဟုတ်ဘူး) ဘုရားသခင်နဲ့လည်း နီးစပ်မှာ မဟုတ်သလို ဘုရားရဲ့ ကျေးဇူး တော်ကို ချီးမွမ်းတတ်မှာလဲ မဟုတ်ဘူး။ အယောက် စီတိုင်း ဘုရားပေးတဲ့ အရာ လေးကို ကျေးဇူးတော် ချီးမွမ်း တတ် ပါစေလို့။ ။
*'မကောက်မလေး'*

---

## "နောင်တနှင့်ဆိုင်သောထာဝရမျက်ရည်" *မာရာနာသာ နီနီခိုင်*

ဒီကနေ့ ကမ္ဘာကြီးထဲမှာ အမိဝမ်းထဲက မွေးလာပြီး မွေးစာရင်းထဲမှာ မိဘတို့ရဲ့ ကိုးကွယ်ရာ ဘာသာကို ထည့်ပေးသောကြောင့် ကျွန်မက ခရစ်တော်ကို သိသိ မသိသိ သူများရဲ့ အမြင်မှာ ခရစ်ယာန် တစ်ယောက် ဖြစ်လာခဲ့ရပါတယ်။ အရွယ် ရောက်တော့၊ နှစ်ခြင်းမင်္ဂလာ ယူလေ။ ပညတ်တော် ၁၀ ပါးကျင့်နော်။ ပညတ် ၁၀ ပါးကို ကျွန်မ ကြည့်တော့ ၁ ပါးမျှ မလိုက်နာနိုင်ပါဘူး။ နေ့စဉ်



**သခင့်စကား** ဝိညာဉ်ရေးရာစာစောင်အမှတ်စဉ်၁၀၅၊ မေလ ၂၀၁၀ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ဖြန့်ချိရန် **ကန့်သတ်** ထုတ်ဝေသည်။

နေ့တိုင်း တစ်ချိန် မဟုတ် တချိန်တော့ ချိုးဖောက်မိမှာပဲ။ ပညတ်တော် ၁၀ ပါး မပြောနဲ့ Sunday School မှာ ဆရာမက ဘုရားကျောင်း တက်ရင် စကား မပြော ရဘူးတဲ့။ ဒါပေမဲ့ အခုအချိန်ထိ ပြောနေကြတာပဲ။ ဘုရားကျောင်းထဲမှာ ဘုရား သခင်ထံမှ သီချင်း၊ ကျမ်းပိုဒ်၊ ကိုယ့်ကို ဘာသွန်သင်မလဲ မစဉ်းစား အိပ်ငိုက်၊ မုန့်စား၊ စိတ်မဝင်စား၊ စကား ပြောလိုက်နဲ့ ကျွန်မက ကောင်းတာ တစ်ခုမျှ မလုပ်နိုင်ဘူးဆိုတော့ ကျွန်မ သေရင် ဘယ်သွားမလဲဆိုတာ စဉ်းစား စရာပါပဲ။ ၂၀၀၉ ရဲ့ ဧပရယ် ၇ ရက်မှာ ကျွန်မ လူ ၁ယောက် အကြောင်းကို စဉ်းစား မိပါတယ်။ ထိုသူ ၁ ယောက် ငါတို့ အတွက် ဘာတွေလုပ်ပေးသလဲပေါ့။ အဲဒီလူက ဘယ်သူလဲ သခင်ခရစ်တော်ပဲပေါ့။ နွားစားခွက်ထဲမှာ မွေးဖွားထဲ့ သူငယ်တော် ယေရှုဟာ လောကရဲ့ မိဘညီအစ်ကို မောင်နှမ များနှင့် အနှစ် ၃၀ နေပြီး စေလွှတ်တော်မူသော ခမည်းတော်ဘုရားရဲ့ ၃ နှစ်တာမျှ နိုင်ငံတော် တည်လုနီးပြီ။ ကယ်တင်ရှင်ရဲ့ အပြစ်လွှတ်ခြင်း ခမည်းတော် အကြောင်းကို သက်သေခံပြီး ပဿခါပွဲ မရောက်ခင် တပည့်တော်များနှင့် ညစာ စားခြင်း၊ တပည့်တော်များရဲ့ ခြေကို ဆေး၍သုတ်ပေးခြင်း၊ ယုဒရှကာရုတ်ကို မုန့် တစ်လုတ် စာ ပေး၍ လူသားကို အပ်နှံရန် အခွင့်ပေးခြင်း၊ ပေတရုရဲ့ ကြက်မတွန်မီ ၃ ကြိမ်မြောက်အောင် ငြင်းပယ်ခြင်း၊ ဂေသေရေမှန် ဥယျာဉ်၌ တပည့်တော်များကို ခဲ တပစ်စာလောက် အကွာတွင် ထား၍ ဆုတောင်းစဉ် ဤခွက် (ငါတို့ရဲ့ အပြစ်တွေ နဲ့ ပြည့်နေသော ခွက်) မသောက်ပဲ နေလို့ရရင် လွှဲသွားဖို့ ခမည်းတော်ရဲ့ အလိုတော် အတိုင်းဖြစ်ဖို့ ဆုတောင်းပြီး တပည့်တော်များက အိပ်ပျော်နေတာ တွေ့တော့ စုံစမ်းနှောင့်ယှက်ခြင်းနှင့် ကင်းဖို့ ဆုတောင်းခိုင်းပြီး စောစောက နေရာ ကို ပြန်သွားပြီး ခမည်းတော်က စောစောက ခွက်ကိုပဲ ပြုပြီး သောက်ခိုင်း တော့ သခင် ခရစ်တော်ဟာ အဲဒီခွက်ကို သောက်နိုင်ဖို့အတွက် ချွေးကနေ သွေးစက်ခဲ ကဲ့သို့ ပြင်းစွာသော ဝေဒနာကို ခံစားရသောကြောင့် ကောင်းကင် တမန်များက လာ၍ အားပေးနှစ်သိမ့်ရပါတယ်။

ဆုတောင်းပြီး တပည့်တော်များကို ခေါ်ပြီးတာနဲ့ တလောကလုံး၌ အပြစ်တွေ ပြည့်နေတဲ့ သခင်ခရစ် တော်ကို ရောမစစ်သားများ လာရောက် ဖမ်းဆီးတာကို သိုးသူငယ်တော် ခရစ်တော်ယေရှုဟာ ငြိမ်ဝပ်စွာနှင့် လိုက်ပါ သွား တဲ့ ကြာသပတေးနေ့ဖြစ်ပြီး နောက် တစ်နေ့ဟာ Good Friday ဖြစ်လာခဲ့ ရတယ်။ Good Friday မှာ သိုးသူတော် ခရစ်တော် ယေရှုဟာ ဘာတွေ ထပ်လုပ် ပေးရသလဲဆိုရင် နှုတ်ကပါတ်တော်အရ အာဒံရဲ့ ဘုရားစကား နားမထောင်ခြင်း ကြောင့် ထာဝရ သေခြင်း ငရဲကို ရင်ဆိုင်ရသောကြောင့် "လူအပေါင်းတို့သည် အာဒံ အားဖြင့် သေခြင်းသို့ ရောက်သည့်နည်းတူ လူအပေါင်းတို့သည် ခရစ်တော် အားဖြင့် အသက် ရှင်ခြင်းသို့ ရောက်ရကြလတ္တံ့" ၁ကော ၁၅း၂၂ အထက်ပါ ဤခွက်ကို သခင် ခရစ်တော် သောက်လိုက်ပြီးတာနဲ့ "ထိုသူ(လို့ခေါ်သော ယေရှု) သည် ငါ (ကိုယ့်နာမည်သုံး၍ ဖြည့်ဖတ်ပါ)တို့ လွန်ကျူးသော အပြစ်များကြောင့် နာကျင်စွာ ထိုးနှက်ခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏" "ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏ အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏ ဟေရှာ ၅၃း၅။

ဟေရှာ ၅၃း၅ မှာ ပြောထားတဲ့အတိုင်း ဒဏ်ရာဒဏ်ချက်ဟာ ဦးခေါင်းမှ ခြေဖဝါး အထိ ရှိနိုင်ပါတယ်။ ဝတ်ရုံက နီနီ။ သွေးသံ တရဲရဲနဲ့ ကားတိုင်ကို ထမ်း သွားတဲ့ အချိန် မှာ လမ်းများဟာ ညီညာဖြောင့်ဖြူးနေမှာ မဟုတ်ပါဘူး။ သူတို့ ရာသီရဲ့ ဆောင်းအကုန် နွေအကူးဆိုတော့ မြန်မာပြည်မှာဆိုရင် ဖုန်များပေါတဲ့ အချိန်ပေါ့ ဂေါလဂေါသ တောင်ကုန်းပေါ်ကို သွားတာ တကယ် မလွယ်ကူပါဘူး။ သခင်ခရစ်တော်မှာ ဒဏ်ရာ အပြည့်နဲ့ နော်။ ငါတို့ရဲ့ အပြစ်ကြောင့် ထာဝရငရဲကို သွားရမဲ့အစား သခင်ယေရှုဟာ သူက ကိုယ်စားခံပြီး ငါတို့ရဲ့အသက်ကို လက်ဝါး ကားတိုင်မှာ ရွေးနှုတ်ပြီး သူ၏ လုပ်ဆောင်ချက်ကို ယုံရင် ငါတို့အတွက် ငရဲဆို တာ ထာဝရတံခါး၀ ကို သခင် ယေရှု ကားတိုင်မှာ ထာဝရအပြီး ပိတ်ခဲ့ပါပြီ။ အဲဒီနေ့ ကိုတော့ Good Friday လို့ ခေါ်ပါတယ်။ Good Friday မှာ အသေ ခံတဲ့ သခင်ယေရှုဟာ ၃ ရက် မြောက်တဲ့ နေ့မှာ ဘုရားရဲ့ တန်ခိုးနဲ့ ရှင်ပြန် ထမြောက်ပြီး သေခြင်းကို အောင်မြင်စွာနှင့် မာနတ်ကို အလဲထိုးခဲ့တဲ့နေ့ ဖြစ်ပါ တယ်။ အဲဒီနေ့ ကိုတော့ Easter Sunday လို့ခေါ်ပါတယ်။ ချစ်သော ဓမ္မ မိတ်ဆွေအပေါင်းတို့ တစ်ချို့က ဒီစာဖတ်ရတာ အလကား ပါ ငါတို့ သိသားပဲ အချိန်ကုန်နခံ၊ စာရွက် အကုန်ခံပြီး ဘာကြောင့် ရေးခဲ့ရသလဲ ဆိုရင် ကျွန်မရဲ့ သူငယ်ချင်း ၁ ယောက်ရဲ့ အသိမိတ်ဆွေ ၁ ဦးက သူရဲ့ အလုပ်ရှင်က Good Friday ဆိုတာ ဘာလဲလို့မေးတော့ သူလည်း မသိလို့ ခရစ်တော် ဒေသစာရီ လှည့်လည်ထားရာ ဟောတာဖြစ်ပြီး ထပ်၍ မေးပြန်ရာ Easter Sunday ဆိုတာ ဘာလဲဆိုတော့ သူလည်း ကြက်ဥ ဝေတဲ့ နေ့လို့ ပြောကြောင်း ကျွန်မရဲ့ သူငယ် ချင်းကို ပြောပြတယ်။ ကျွန်မ သူငယ်ချင်းက နင်က ဘုရားကျောင်းသွားပြီး ဒါတောင် မသိဘူးလား။လို့ ပြန်ပြောပါတယ်။ ကျွန်မ ဒီစကားကို ကြားရတဲ့နေ့က Good Friday နေ့ ဖြစ်ပါတယ်။ ဘုရား ကျောင်းတက်၍ စာတန်ဟာ မျက်စိ ပိတ်ထားခြင်း၊ နား မကြားအောင် ပိတ်ထား ခြင်း၊ နှလုံးသားက လက်မခံ နိုင် အောင် ပိတ်ထားခြင်း ခံရ သူများ ဘယ်နှစ် ယောက် ရှိသလဲဆိုပြီး ကျွန်မ ဆု တောင်းပြီး ဒီစာစောင်ကို ရေးဖို့ ဘုရား လမ်း ပြဖို့ အထူးဆုတောင်းရပါတယ်။ ငါတို့က ကောင်းတဲ့အရာ တစ်ခုမျှ မလုပ်နိုင် တော့ သေသွားရင် ကောင်း ကင်နိုင်ငံရဲ့ တံခါးစောင့်က နင့်ရဲ့နာမည် အသက် စာစောင်မှာ စာရင်း မပါဘူး။ ငရဲသွားလို့ ခွဲခြားရင် ငါက ဟိုး ဘိုးဘေး ဘီဘင် ကတည်းက ခရစ်ယာန် ငါ့ အဖေ၊ ငါ့အဖိုး၊ သင်းအုပ်ဆရာလေ သူတို့ကလည်း မိတ်ဆွေကို မကယ်နိုင်ပါဘူး။ လောက ကြီးထဲမှာ ခရစ်ယာန်လုပ်ပြီး ငရဲ သွားရတော့ မိအေး ၂ ခါနာ ဖြစ်ပြီး မိအေး ၂ခါ မနာရအောင် အဲဒီအချိန်ကျမှ နောင်တနှင့် ဆိုင်သော ထာဝရ မျက်ရည် မကျရအောင် မိတ်ဆွေ အတွက် အချိန် ရှိပါသေးတယ်။ ယနေ့ပင် ကယ်တင်ရာ နေ့ရက် ဖြစ်ပါတယ်။ နောက်မကျသေးပါဘူး။ ခရစ်ယာန်လုပ်၍ ခရစ်တော်ရဲ့ လုပ်ဆောင်ချက်ကို နှလုံး သားထဲက သခင် ခရစ်တော်ကို မိမိရဲ့ ကယ်တင်ရှင်အနေနဲ့ လက်ခံ၍ ခရစ်တော် ကို အမည် သိရုံမကဘဲ ကယ်တင်ရှင် မေရှိယအဖြစ် အယောက်စီတိုင်း လက်ခံနိုင်ပါစေ။ ကောင်းကင် ရွှေပြည်မှာ နှုတ်ဆက်ကြရအောင် – – ။ *မာရာနာသာ နီနီခိုင်*

---

## နောက်မကျသေးသောဘုရားရဲ့အချိန် *မတင်တင်ခိုင်*

ဘုရားသခင်ရဲ့ ကောင်းချီးမင်္ဂလာများက ကျွန်မ အတွက် လုံလောက် လျက် ရှိပါတယ်။ ဘုရားသခင်၏ နာမတော်မြတ်ကို ရေတွက်ချီးမွမ်းရင်း ဘုရား သခင် ကောင်းမြတ်ကြောင်း၊ ဘုရားသခင် အမှန်တကယ် အသက်ရှင်ကြောင်း၊ ကျွန်မ အတွက် ဘုရားပြုပေးနေသော နေ့စဉ်ကောင်းကြီးများမှ တစ်ခု အကြောင်းကို ဝမ်းမြောက်စွာနဲ့ သက်သေခံရေးသားလိုက်ပါတယ်။ ဘုရားသခင် နာမ ကမ္ဘာ အဆက်ဆက် ဘုန်းကြီး၍ မင်္ဂလာရှိပါစေ အာမင်။ ကျွန်မကို ဘုရား သခင် ကောင်းကြီးပေးခြင်းအားဖြင့် အလုပ်လုပ်ခွင့် ရရုံ သာမက ရာထူးတိုးခြင်း အခွင့်လဲ ရရှိခဲ့ပါတယ်။ ရာထူးတိုးပြီး ကျွန်မ Company က ကျွန်မတို့ s. pass apply လုပ်ခွင့်ပေးတဲ့အတွက် ဘုရား သခင်ရဲ့ နာမတော်မြတ်ကို ချီးမွမ်းပါတယ်။ Apply လုပ်ရမဲ့ အချိန်က စပြီး ဘုရားမှာ ဆုတောင်းပါတယ် "ဘုရားသခင် ကျွန်မ အနေနဲ့ ဘာမှ မတတ်နိုင်ပါ။ ဒါပေမယ့် ဘုရား မတတ်နိုင်တာ ဘာ တစ်ခုမှ မရှိပါ ပြင်ဆင်တဲ့ အရာတစ်ခု ချင်းမှာလဲ ဘုရားပေးတဲ့ ဉာဏ်ပညာ နဲ့ ပြင်ဆင်ခွင့်ရလို့ ကျေးဇူးတော် ချီးမွမ်းပါ၏။ ဘုရားသခင်အလိုတော်ရှိတဲ့အတိုင်း ကျွန်မ အတွက် ပြင်ဆင်ပေးနေ သောကြောင့် ကျေးဇူးတင်ပါ၏။ ယေရှုနာမဖြင့် စောင့်ရှောက်ပါ၏လို့ ဆုတောင်းပါတယ်။

ကျွန်မ စပြီး Apply လုပ်တာ ၂၆-၃-၀၉ မှာပါ။ Apply လုပ်ပြီး 3 weeks အကြာမှာ ကျွန်မဘုရားသခင်ပေးတဲ့ အဖြေကို ရလိုက်ပါတယ်။ " Not approve" တဲ့ ကျေးဇူးတော်ပါပဲ။ ဘုရား ကျွန်မကို သွန်သင်နေတယ်ဆိုတာ သိလိုက် ပါတယ်။ ဘုရား ပြင်ပေးတဲ့အရာသည် သာ၍ ကောင်းဘို့ဖြစ်တယ်လို့ ကျွန်မ ငြိမ်သက်ခြင်းနဲ့ ကျေးဇူးတော် ချီးမွမ်းဆုတောင်းပါတယ်။ ဒီအတွင်းမှာ ရုံးက သူတို့လိုတာ ဆက်လုပ်နေတယ်လို့ပဲ သိရပါတယ်။ တကယ်တော့ s - pass က Approve ဖြစ်တာ များပါတယ်။ ဒီအရာအားဖြင့် ဘုရားရဲ့ ဘုန်းတော် ထင်ရှားဖို့ဖြစ်ပါတယ်။ April-21 မှာ ကျွန်မကို ရုံးက ခေါ်တယ် ဆိုတာနဲ့ သွားလိုက်တဲ့အခါ ကျွန်မရဲ့ work permit က ၂၁-၆-၀၉ မှာ Expire ဖြစ်မှာမို့ Renewal လုပ်ဖို့ ဖြစ်ပါတယ်။ ကျွန်မတို့ သိတဲ့ အတိုင်းပါပဲ။ work permit renewal လုပ်ဖို့ ဆိုရင် pass part သက်တမ်းတိုးဖို့ လိုပါတယ်။ ကျွန်မရဲ့ သက်တမ်းကလဲ Dec - 2010 ထိရှိနေသေးတယ်။ 2 years လဲ မပြည့် ဖြစ်နေပါတယ်။ ရုံးကို ပြောပြတော့ ရုံး Staff လဲ ဘာလုပ်ရမှန်းမသိ ကျွန်မ ကိုယ်တိုင်လဲ ဘာလုပ်ရမှန်းမသိခဲ့ပါဘူး။ ကျွန်မ သိလိုက်တာကတော့။ ကျွန်မ

ဆက်ပြီး ကျေးဇူးတော် ချီးမွမ်းရင်း ဆုတောင်းဖို့ပါပဲ။ ဒါနဲ့ ကျွန်မ ဆက်ပြီး ဆုတောင်းပါတယ်။

ကျွန်မ ယုံကြည်တာကတော့ ဘုရားသခင် ကျွန်မအတွက် ပြင်ပေးတဲ့ အရာမှာ တစ်ခုမှ နောက်မကျဘူး။ ဘုရားသခင် အချိန်မှန် ပြင်ဆင် ပေးမယ် ဆိုတာပါပဲ။ ကျွန်မ ဆုတောင်းတဲ့အခါမှာ MOM မှာရှိတဲ့ Staff များရဲ့ နှလုံးသားကို ဘုရားသခင် ပြင်ဆင် ပေးဖို့နဲ့ MOM မှာ ဘုရားရဲ့ ဘုန်းတော် ထင်ရှားဖို့ပဲဖြစ်ပါတယ်။ ရှင်မာကု ၁၀း၂၃–၂၄ "ငါအမှန်ဆိုသည်ကား အကြင်သူသည် ယုံမှားသောစိတ်နှင့်ကင်း၍ မိမိ ဆိုသည့်အတိုင်း ဖြစ်မည်ဟု ယုံကြည်လျက် ထိုတောင်ကို နေရာမှာ ရွေ့လော့။ ပင်လယ်၌ ကျလော့ဆို လျှင် ထိုသူ ဆိုသည့်အတိုင်း ဖြစ်လိမ့်မည်" "ထို့ကြောင့် ငါဆိုသည်ကား သင်တို့သည် ဆုကျေးဇူးကို ရမည်ဟု ယုံကြည်သောစိတ်နှင့် ဆုတောင်းသမျှကို ရကြလိမ့်မည်။"

ဤကျမ်းချက်များအားဖြင့် ဘုရားသခင် ကျွန်မကို ယုံကြည်ခြင်း သာ၍ တိုးစေ ခဲ့ပါတယ်။ အထူးသဖြင့် 4 may To 10 may တပတ်တာအတွင်း ကျွန်မ ဘုရားနဲ့ အချိန်ယူတဲ့အခါတိုင်း လာမဲ့တစ်ပတ်မှာ ကျွန်မကို ဘုရားစကား တစ်ခုခု ပြောမယ်လို့ ယုံကြည်ခံစားမိပါတယ်။ ၁၂–၅–၀၉ မှာ ဘုရား ကျွန်မကို စကားပြောပါတယ်။ ငါ့အချိန်က ဘယ်တော့မှ နောက်မကျ ဘူးဆိုတဲ့ အကြောင်း ဒီနေ့မှာ ကျွန်မရဲ့ S – pass Approved ဖြစ်ပြီဆိုတဲ့အဖြေကို ရခဲ့ပါတယ်။ တကယ်တော့ ကျွန်မ စောင့်ရတဲ့ အချိန်ဟာ လူ့အနေနဲ့ ကြာတယ်။ အဆင်ပြေပါ့မလားလို့ သံသယ ဝင်စရာရှိခဲ့ပေမယ့် ကျေးဇူးတော်ကြောင့် ဒါတွေ ကို ကျွန်မ စိတ်မပူခဲ့ပါဘူး။ ဒီအရာများကို ယေရှုနာမနဲ့ ကျော်ဖြတ်နိုင်ခဲ့လို့လဲ ကျေးဇူး တော်ချီးမွမ်းပါတယ်။ ကျွန်မတို့ ယုံကြည်သူများအနေနဲ့ ယုံကြည်ခြင်းနဲ့ ဆုတောင်းတဲ့အခါ လူ့အချိန်ထက် ဘုရားအချိန်က သာလျှင် တိကျတဲ့အချိန်နဲ့ အဖြေ မှန်ဖြစ်ကြောင်း ဝေငှသက်သေခံရင်းနဲ့ စာဖတ်သူအားလုံး အပေါ်မှာ ဘုရားသခင် သာ၍ ကောင်းကြီးပေးပါစေ။ ။ မတင်တင်နိုင်

---

### လပြည့်ညရဲ့ အလှမ်း M.L (H.P.G)

အမှတ်ရဆဲပါ ။ တစ်နှစ်သော နွေရာသီ ညလေးတစ်ညမှာ အိပ်မပျော်လို့ အိမ်ထဲမှ အိမ်ပြင်ထွက်ပြီး ကုလားထိုင်လေး တစ်လုံးနဲ့ အကျအနထိုင်ခဲ့ ..... ကောင်းကင်က လမင်းကြီးလည်း စက်ဝိုင်းသဏ္ဍာန် လုံးဝိုင်းပြီး ရွှန်းလဲ့ တောက်ပလို့ပေါ့။ တစ်ကိုယ်တည်း တွေးတောရင်းနဲ့ ညရဲ့အလှနဲ့ လေညှင်းလေး ခံနေချိန်၊ ငါ့လိုပဲ အတွေးတွေ ယောက်ယက်ခတ်တဲ့ မင်း တစ်ယောက် လည်း ငါ့နား ရောက်လာတယ်။ ဒို့နှစ်ယောက် မိုးလင်းပေါက် ရောက်တတ် ရာရာ ပြောရင်းနဲ့ လပြည့်ညရဲ့ အလှကို ခံစားခဲ့ကြတယ်လေ။ မေ့လို့ မရတဲ့ ဒို့နှစ်ယောက်ရဲ့ စကားလုံးလေးတွေထဲက "ရတနာ" ဆိုတဲ့ အကြောင်းလေးကို မှတ်မှတ်ရရ ရှိနေဆဲပါ။ ..........

မှန်တယ် သူငယ်ချင်း ..... မင်းဘက်က အယူအဆနဲ့ ငါ့ဘက်က အယူအဆ ကြောင့် တိတ်ဆိတ်တဲ့ လပြည့်ညရဲ့ အရသာလေး နဲ့ အလှဟာ အိုမင်း ရင့်ရော်သွားခဲ့တယ်။ ..... တကယ်တော့ မင်းရဲ့အမြင်မှာ "ရတနာ" ဆိုတာ မိုးကုတ်၊ ဖားကန့်တို့လို ဒေသမှ ထွက်တဲ့ ကျောက်တွေကို "ရတနာ" လို့ မင်း မြင်တယ်။ ဒါလည်း မမှားဘူးလေ။ ဒို့တွေက လောကီသားတွေမို့ပေါ့။ လောကမှာ အသက် ရှင်ချိန်မှာ ဒါတွေက အဓိက အကျဆုံးလို့ မင်းရဲ့ အထင်ပေါ့။ မှန်သင့်သလောက် မှန်ပါတယ်။ မင်း ပြောသေးတယ် "ရတနာ" ဆိုမှတော့ " လိုတရ" ပေါ့တဲ့။ ငါပြန်ပြောလိုက်တဲ့ စကားလေး တစ်ခွန်းကြောင့် နင်နဲ့ငါ စမြုံ့ ပြန်ပြီး အာခြောက်အောင် ငြင်းဆန်ခဲ့ကြတယ်။ စကားလေးက "လိုချင်တိုင်း၊ တောင့်တတိုင်းသာ ရခဲ့မယ်ဆိုရင် ဘုရား ဆိုတာ ဒို့အတွက် ဘယ် နေရာမှာ လိုအပ်အုံးမှာလဲ" လို့ပြော လိုက်တော့ "မင်းက ငါ့နှာခေါင်းကို ဆွဲပြီး " ဘုရားရူး"လို့ ပြောသလို ငါကလည်း မင်းရဲ့ ခေါင်းကို ခေါက်ပြီး " ဒွေ" လို့ပြောလိုက်တယ်။

ဒီလိုနဲ့ နင်နဲ့ငါရဲ့ အငြင်းအခုံလေးကလည်း ပြီးလို့ မိုးလည်း လင်းခဲ့ပေါ့ကွာ။ မင်းနဲ့ငါ တူညီတဲ့ အတွေးအခေါ် တစ်ခုကတော့ "ကာဗွန်ခြင်း တူရင် တောင်မှ မီးသွေးခဲ မဖြစ်ချင်ဘူး စိန်ပဲ ဖြစ်ချင်တယ်။ စိန်ပဲ ဖြစ်အောင် ကြိုးစား ကြတယ်"လေ . . . (ယော ၂ း ၅) လောကတွင် ဆင်းရဲသော သူတို့သည် ယုံကြည်ခြင်း ရတနာကို ရတတ်ခြင်းငှာ လည်းကောင်း .......

သူငယ်ချင်းရယ် စစ်မှန်တဲ့ "ရတနာ" က ဒို့ထံကို အခမဲ့ ရောက် နေ တယ်။ ဒို့တွေက မသိဟန်ဆောင် နေကြတာပါ။ အခမဲ့ပေး နေတဲ့ သခင့်ရဲ့ မေတ္တာ "ရတနာ" ကို မသိကျိုးကျွံ ဥပေက္ခာပြု၊ လျစ်လျူရှု နေတဲ့ ဒို့တွေကြောင့် သခင်ဘယ်လောက် ဝမ်းနည်းနေတယ် ဆိုတာ ဒို့တွေ မသိဟန်ဆောင် နေ နေခဲ့ကြတယ်နော်။ ထက်စံအိမ်ကို စွန့်ပြီး ဒို့တွေရဲ့ အပြစ်အတွက် ဒီလောကထဲ ရောက်ရှိလာ ခဲ့တဲ့ သခင်ကို လျစ်လျူ မရှုသင့်ဘူး။ ဗလောကမှန်တိုင်း ထဲမှ ဒုက္ခတွေ ဘယ်လို ဝေဖြာနေပါစေ၊ သခင်ဟာ ဒို့တွေ မပြိုလဲအောင် ဖေးမ ကူညီနေတယ်လေ။ ဒို့တွေ သူ့ကို ဂရုမစိုက်ပေမဲ့လည်း သခင်က ဒို့ရဲ့ ဆံချည် ဘယ်နှစ်မျှင် ရှိတယ်ဆိုတာက အစ ရေတွက်ပြီးသားပါ။ ဒို့တွေ လောကမှာ အသက်ရှင်ချိန် ခဏ၊ ကြုံတွေ့ရ ဒုက္ခတွေကို ကဗျာ မမီ၊ စာမမီ ပုံဖွဲ့ကြတယ်နော်။ သူငယ်ချင်းရယ် တကယ်တော့ သခင် လောကတွင် ရှိစဉ် ကပေါ့။ ဒို့တွေ ရဲ့အပြစ်တွေအတွက် အပါယ်ငရဲမှ လွတ်မြောက်ဖို့ရန်အတွက် သူ ဘယ်လောက် ဒုက္ခခံရလဲ ဆိုတာ၊ မင်းရော ငါရော အသိပါ။ လောက မှာ ဘယ်လိုပဲ ဒုက္ခတွေ ကြုံတွေ့နေပါစေ သခင်က (ယောဟန် ၁၆ း ၃၃) မှာ ပြောနေတယ်လေ "သင်တို့သည် လောက၌ ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ် ကြနှင့်၊ ငါသည် လောကကို အောင်ပြီ "တဲ့။

မမြဲတဲ့ လောကကြီးထဲမှာ ဘဝကို ဘယ်လိုပဲ ခက်ခဲကြမ်းတမ်းစွာ ရုန်းကန် နေရပါစေ၊ ထာဝရအသက် "ရတနာ" ကို သခင်ပေး ပြီးသားပါ။ ဒါတွေ ကို သူငယ်ချင်း နားလည်သွားခဲ့လိမ့်မယ်လို့ ငါထင်တယ် ... ကျန်ရှိနေခဲ့ တဲ့ ငါ့မှာတော့ ဒီစာသားလေးနဲ့ **"Physcial Things Will Wear Out, But Our God Stay Forever"** အတူပေါ့။

မင်းကတော့ သခင့်ရင်ခွင်ထဲမှာ ငြိမ်းချမ်းမှုအပြည့်နဲ့ ပျော်မွေ့နေပြီ။ ငါ့မှာတော့ ...။ ငါ့မှာတော့ ...။ ယေရှုနာမ၌ **M.L (H.P.G)**

**( 2008 တွင် ဘုန်းတော်ဝင်စားခဲ့သော သူငယ်ချင်းအား အမှတ်ရလျက် )**

---

### ဆုတောင်းခြင်းအစ အောင်မြင်ခြင်း အဆုံး May Than Naing

ရှေ့ဦးစွာ ဘုရား ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ သခင့်စကား စာစောင်ကိုလည်း ကျေးဇူး အထူးတင်တယ်။ ဘုရားကျောင်းအသွား အဝင်ဝမှာ ကမ်းကာ ပေးတော့ ဘာလဲ မသိပေါ့။ မျက်စိအစုံ ဖွင့်ကြည့်လိုက်စဉ်၊ သခင့်စကားတဲ့ .... သခင့်စကားတဲ့ ... ဟို ... ဘုရား စကား ဘာလား ... ဒီလိုနဲ့ ဘုရား ကျောင်း တက်ချိန်မို့ ဖတ်ချင် ဇောတွေ ရင်မှာသိမ်းကာ ဝတ်ပြုထဲသို့ ထိုးဝင်ခဲ့တယ်။ အိမ်ရောက်လို့ ဖွင့်ကာဖတ်တော့ ဝိညာဉ်ခွန်အား မြောက်များစွာတိုး၊ ဒီစာရွက် ထပ်ခါ တလည်းလည်း ဖတ်လို့ မဝပေါ့ . . . နောက်ဆုံး စာကြောင်း၊ စာမူ များလည်း ပို့နိုင်တယ်တဲ့။ ဒါနဲ့ ရင်ထဲ ခံစားအားငယ် ခွန်အားရင်မှာ အပြည့်မို့ တွန်းကာ ချချင် ရေးချင်ဇောက တဖောင်းဖောင်း နေမရနဲ့ ရင်မှာ ခံစားသမျှ ပေါက်ထွက်မတတ် ပြည့်လျှံနေသော အချို့ထိုသို့ ဖွင့်ကာ ရေးချတော့ သက်တောင့်သက်သာ ရှိလှရော မထူးပါဘူး ဝင်လို့ရညား စမ်းကာရေးမယ်ဗျို့ ခံစားနေသမျှ ဖွင့်ဟချင်တယ် အားပေးမဲ့သူနားမှာ မရှိ ကိုယ့်အဖြစ်က သနားစရာ ....

ဒီမရောက်ခင် တချိန်က ပဲခူး မြန်မာ ခရစ်တော်အတွက် လူငယ် **Y.E.C** ဆိုတဲ့ ပါဝင် ဆက်ကပ်ခဲ့တဲ့ အုတ်တစ်ချပ်၊ သဲတစ်ပွင့် အဖြစ်နဲ့၊ တခါခါမှာ ဘုရားကျောင်းတက်ဖို့ အပျင်းကြီးဖူးတယ်။ ဒါပေမယ့် မရ၊ ဘုရား မှန်တဲ့ တပည့် အမြဲ ခေါင်းလောင်းထိုးကာ ခေါ်သံကြောင့် ဒီတာဝန်လည်း ကိုယ်တိုင် အပ်နှံသူမို့ ညပိုင်းထဲက ပြင်ဆင်သမျှ ကပြာကယာ ကောက်ပြီး နေမရ အတွေးက ဝင်လာ ကိုယ်က **Sunday School** ဆရာမလေ။ ခရစ်စမတ်ဆိုလည်း သတင်းစကား ပေးဝေရန်သွားစမြဲ နယ်အစုံ၊ အခုတော့ မွေးနေ့တော် ပွဲပြီးတာတောင် မသိလိုက်ရရှာဘူး။ နောင်တများနဲ့ တမ်းတရင်မော နှမြောနေတတ်ပြီ၊ သာသနာ မောင်နှမများနဲ့ လက်တွဲအတူ၊ ငွေမရှိပေမယ့် အသီးအပွင့်များ ဝေဆာဖူးပွင့် မြူးကြွတွေ အများသား။ အခုမှာတောင် ငွေလမ်းကြောင်းမှာ အဖော်မဲ့စွာ အထီး ကျန်ဆန်စွာ ထပ်ခါခါ တလဲလဲ ပြန်တွေးမိတယ်။

ဘုရားရင်ခွင် မိဘရင်ခွင် ခြေစုံကန်လို့ထွက်လာခဲ့ ဆိုက်ရောက်လာတော့၊ တောရိုင်း တစ်ကောင်လို ချာလည်လည်နဲ့ ဟိုကြည့် ဒီကြည့်၊



သခင့်စကား ဝိညာဉ်ရေး ရာစာစောင် အမှတ်စဉ် ၁၀၅၊ မေလ ၂၀၁၀ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အမေဆိုစကား မသွားပါနဲ့ သမီး၊ ရှိတာလေးနဲ့ ဝအောင်စား၊ ရှိတာလေးနဲ့ လှအောင် ဝတ်လို့ အတူစုံ ဒီမိသားစုတဲ့။ ဆန္ဒများ အမေ့သမီး ဘဝ တိုးတက်ချင်တယ်။ ကမ္ဘာမြေ ဘယ်လောက် ကျယ် တစ်စိတ်လောက် ကြည့်ပရစေပေ့ါ။ ဖားရဲ့ ပုံဆောင် နွားခြေရာကွက်ကို ပင်လယ်လို့ထင်၊ ထို့အတူ နောင်လာ နောင်သားဖို့ ပြည်ပခရီး ထွင်းဖောက်ခြင်းပါ အမေရယ်။ အကြိမ်ပေါင်းများစွာ တောင်းပန်ချလိုက်တာ မရတော့ သွားလေတော့ ဆွေမျိုးကင်းမဲ့ တစိမ်း အလယ်မှာ ဘုရား မမေ့နဲ့၊ ဘုရားကျောင်းတက်မှန်ပါ သမီး၊ နှင့်အနားမှာ ငါမနေနိုင်ဘူး ဘုရားရှိမယ်၊ မသွားခင် ဆုံးမစကား နားဝမှာ မဆန့် အမေ့စကား မဆုံးသေး အလုပ်က ပိတ်ရက်မရှိတဲ့ ဟော စပြီ ဆန့်ကျင်ဘက် တွေ့ အမေ မသိပါစေနဲ့ ဒီတော့ ဘာတတ်နိုင်သေးလဲ အမိ။ ဒူးနှစ်လုံး ကွေးလို့ အမာရွတ် တက်အောင် ကျုံးကာ ဆုတောင်းရတော့မည်။ လပေါင်းများစွာ ကျော်ဖြတ်ရင်းနဲ့ လုံ့လဇွဲ မချရဲ့။ တနေ့တော့ ပြည့်စုံပြီ။ ဘုရားကျောင်း သွားချင်လာတယ်။ ဘယ့်နှယ့် ပြောပါလိမ့် သွား ချင်တာမှ အရမ်း။ လဲလို့မရတဲ့ အပျော် ကျေးဇူးတော်ကို ချီးမွမ်းထပ်ဆင့် ။

ကျေးဇူးတင်တယ် ဘုရားသခင်၊ အမေ့စကား နားထောင်ရာ ရောက်ပြီ ပေ့ါ။ ကိုယ်လည်း ဘုရားရှေ့မှာ ကောင်းချီး ခံစား လိုရာ ပြည့်စုံပြီပေ့ါ။ **Thank you so much Madam.** ကောင်းကင်က ဘုရားသခင် ကောင်းမြတ်ပေတယ်။ အံ့သြစရာ သူ့လူသား တောင့်တမှုကို နားညောင်းပြီး လိုအင်ဆန္ဒ ပြည့်ပေပြီ၊ မာကျောတဲ့ သူတို့ နှလုံးသားကို နူးညံ့ အရည်ပျော်စေပြီ။ ဒီလိုနဲ့ အင်္ဂလိပ်စကား ထမင်းစား ရေသောက်နဲ့၊ ဘုရားကျောင်းသာ သွားချင် ဝိညာဉ်ခွန်အား ပြည့်ဖြည့်ချင်ဇောနဲ့ မြန်မာ ဘုရားကျောင်း၊ ဘယ်ဘုံ ဘယ်ရှိ နေမှန်း သူမသိ ကိုယ်မသိနဲ့ အသက်တာ၊ ပြည့်စုံခြင်းက ထပ်မံ အသိတစ်ယောက် တိုးလို့ သူလည်းခရစ်ယာန်တဲ့ ကောင်းလိုက်လေစွ။ ဒါပေမယ့် သူက ကရင်တဲ့ မထူးပါဘူး။ ကိုယ့်ပြည်သားချင်းမို့ လိုက်ကာသွားဖို့ ဆုံးဖြတ်ချက် တုံတုံချ။

မသွားခင် အိမ်ရှင်က ပြင်ဆင်ပေးရှာ အစုံပေ့ါ။ ဖုန်းနဲ့ ဒေါ်လာငွေ ၁၀ မက **Madam** က အပြန်မှာ ကားနဲ့လာကြိုမယ်တဲ့၊ ဘယ်လောက်တန်ခိုးတော်ကြီးမားသလဲ။ အမိ၊ ဘုရားသခင်က လူ မတတ်နိုင်တဲ့ အမှုအရာသည် ဘုရားသခင် တတ်နိုင်တော်မူ၏။ မှန်ပေ၏။ အပြန်လမ်းမှာ လာကြိုသူတို့ ခမျာလည်း မသိလို့ မေးပြန်တော့ ကိုယ်က မပြောတတ်၊ ကိုယ်တောင် သူများ ခေါ်ရာ လိုက်သွားတာ ဒီလိုနဲ့ ဘုရား ကျောင်းက ဆရာ မအားတဲ့ ကြားက ကူပြောပြပေးတယ်။ ဆရာဆီကလည်းပဲ ထပ်မံ ဆုတောင်းမှုကို ခံယူခဲ့သေး။ ဆရာ ကိုလည်း ဘုရားသခင် ကောင်းချီးပေးပါစေ။ ဒီထက်မက သူငယ်ချင်း၊ ကိုယ့်ရဲ့ အိမ်ရှင်များလည်း အသစ်တဖန် ဘုရားသခင် ကောင်းကြီးပေးပါစေ။ ကိုယ့်ပြည်၊ ကိုယ့်မြေ စွန့်ကာ လှမ်းလို့လာတဲ့ သူငယ်ချင်း ဒီအရပ်မှာ နောက်ထပ် ရှိသူများ ဆုတောင်းခြင်းဖြင့် တိုက်ပွဲနွှဲပါ။ လိုရာ ဆန္ဒပြည့်စုံ ပေမည် အမှန်ပင်။ အပြန်လမ်းက ဝိညာဉ် ဆီ အပြည့်နဲ့သူ။ ။ **May Than Naing**

--------------------------------------------------------------------------------

## သက်သေခံချက်

ကျွန်မ ဒီအိမ်မှာ အလုပ်ဝင်ခဲ့တာ လ(၂၀) ရှိပါပြီ။ ကျေးဇူးတော်ကြောင့် အစစအရာရာ အဆင်ပြေခဲ့ပါတယ်။။ အခုဆိုရင် အားလုံးရဲ့ ချစ်ခင်မှုကို ခံရပါတယ်။ ကျွန်မ စာရေးတာကို မနှစ်သက်ကြတဲ့ မိသားစု ထံမှ စာအုပ်၊ ဘောပင် တစ်လတစ်ခါ (သို့မဟုတ်) ၂လ တစ်ခါ အမြဲ ကျွန်မကို ပေးလာတာ တွေ့ရတယ်။ ကျွန်မ ဒီအိမ်မှာ အလုပ် စဝင်ကတည်းက အမျိုးမျိုး စုံစမ်း ခြင်းကို ခံရပါတယ်။ အစ်မ ဖြစ်သူထံကိုလည်း ခဏခဏ ငိုသံတွေနဲ့ ဖုန်း ဆက်ရင်ဖွင့်ရတာလည်း မနည်းပါဘူး။ (၁) လတာ စမ်းသပ်ကာလ ကျော်လွန်လာသည်နှင့်အမျှ ကျွန်မ နည်းနည်းပြောရဲဆိုရဲ လာတယ်။ ကျွန်မ နေ့စဉ်လုပ်နေကျ အလုပ်တခုရှိတယ်။ အဲဒါက မနက်(၅း၃၀) ဆိုရင် ကျွန်မ အမြဲ ကျမ်းစာဖတ် ဆုတောင်းလေ့ရှိတယ်။ ည(၁၀း၀၀) ဆိုရင်လည်း ကျမ်းစာဖတ် ဆုတောင်းတယ်။ ဒါကို သူတို့လုံးဝ မနှစ်သက်ကြဘူး။ ဘာလို့လည်းဆိုတော့ သူတို့နဲ့ ကျွန်မက ဘာသာကွဲနေ လို့ပါပဲ။ သူတို့ မကြိုက်လဲ ကျွန်မ ခိုးခိုးပြီး လုပ်ခဲ့တယ်။ မနက်ည ဆုတောင်းတိုင်းမှာလည်း လွတ်လပ်စွာ ဆုတောင်း ကျမ်းစာဖတ်ခွင့်ကို တောင်းခံခဲ့တယ်။ သူတို့မိသားစု အားလုံးအတွက်လဲ ကျွန်မ ဆုတောင်းတိုင်း အမြဲ ဆုတောင်းပေးခဲ့တယ်။ ကိုယ့်မိသားစုအတွက် မေ့သွားခဲ့ရင်တောင် သူတို့မိသားစုအတွက် ကျွန်မ မပျက်ကွက်ခဲ့ဘူး။ မေတ္တာတရား သိပ်ကို အံ့သြဖို့ ကောင်းပါတယ်။ မေတ္တာတရားဟာ ရောင်ပြန် တတ်ပါတယ်။ မေတ္တာ မပါပဲနဲ့ ဘာမှမလုပ်နဲ့ မအောင်မြင်ဘူး။ မေတ္တာတရားဟာ သိပ်ကို အေးမြပါတယ်။ မေတ္တာဟာ လူတိုင်း အတွက် အရေးပါဆုံး အရာတစ်ခုပါ။

ဒီလိုနဲ့ လ အတန်ကြာလာတော့ ဘုရားသခင်က ကျွန်မကို မေတ္တာ ရောင်ပြန် ပြတော့တာပါပဲ။ စာရေးစာဖတ် မကြိုက်တဲ့ မိသားစု၊ ကျမ်းစာဖတ် ဆုတောင်းတာကို မနှစ်သက်တဲ့ မိသားစုထံမှ စာအုပ် ဘောပင်နဲ့အတူ "မင်း နောက်ရက်က စပြီး၊ မင်းကြိုက်သလို နေပါ၊ အထူးသဖြင့် ငါ့ရဲ့ မိခင်ကိုသာ အထူး ဂရုစိုက်ပါ။ မင်းရဲ့ လုပ်ပုံကိုင်ပုံနဲ့အတူ ဘာသာရေး ကိုင်းရှိုင်းတာကို ငါ နှစ်သက်တယ်။ အခုချိန် ကစပြီး ကိုယ့်အိမ်လို သဘောထားပြီး နေပါတော့လို့ သူဌေးမရဲ့ နှုတ်က ထွက်လာပါတော့တယ်။ ဒီအချိန်မှာ ကျွန်မ အရမ်းကို ဝမ်းသာ သွားပါတယ်။ ကျွန်မ အစာရှောင် ဆုတောင်းခဲ့တာတွေ၊ အစာရှောင် ရက်ရှည် ဝင်နေရင်း နေမကောင်း ဖြစ်ခဲ့ရတဲ့ အချိန်တွေအတွက် ကိုယ်တော်ဟာ ကျွန်မကို ပြန်ပေးခဲ့ပါတယ်။ အဲဒါကတော့ "မေတ္တာ ရောင်ပြန်လေးပါပဲ" ပေ့ါ။ ကျွန်မ ပြောချင်တာက ဘာပဲလုပ်လုပ် မေတ္တာထား ပြီးလုပ်ပါ။ အရင်ဆုံး အနစ်နာ ခံ ပေးဆပ်ပါ။ သည်းခံပါ မိသားစုတွေနဲ့ ဝေးကွာပြီး အလုပ် လာလုပ်တဲ့ အချိန်မှာ မာနလေးတွေကို လျှော့ချပါ။ တနေ့ မိသားစုနဲ့ ပြန်ဆုံတွေ့တဲ့ အခါ အကောင်းဆုံးဖြစ်ဖို့ ဘုရားသခင်ထံ ဆပ်ကပ်အပ်နှံပါ။

ဘုရားသခင်ကို မမေ့ပါနဲ့ မေတ္တာခြုံမှ လုံမယ် ဆိုတဲ့ အတိုင်း လူတိုင်း အပေါ် မေတ္တာထားပေးပါ။ တနေ့ သင်တို့ကို ဘုရားသခင် ကောင်းကြီး ပေးလာပါလိမ့် မယ်လို့ သက်သေခံရင်း မိသားစု ညီအစ်ကို မောင်နှမတွေနဲ့ ဝေးကွာနေတဲ့ သူတွေအားလုံးကို ဘုရားသခင် ကောင်းချီးပေးပါစေလို့ ဆုတောင်း ပေးလိုက်ပါတယ်။ (ယော ၁၃း၃၄-၃၅) *မေသူ*

---

### ဆန္ဒရှိရာ သင့်စိတ်သာ ယာ   Samuel Soe Lwin



အမြဲတမ်းတော့ မဟုတ်ပေမဲ့ ၊ တမ်းတမ်းတတ လွမ်းတတ်တဲ့ စိတ်တွေနှင့်
နေ့နေ့ ညည ဖြစ်တည်ခဲ့တတ်ခဲ့ပေမဲ့ ၊ သခင့်အတွက်ဆို
ဘယ့်အတွက်များ ၊ ငါ မလွမ်းတတ်သလဲ ။
အကောင်းဆုံးတော့ မဟုတ်ပေမဲ့ ၊ မှတ်မှတ်ရရ အဖြစ်တွေနှင့်
လူတကာ ကို ပေးကူတတ်ပေမဲ့ ၊ သခင့် အမှုတော် အတွက်ဆို
ဘယ့်အတွက်များ ၊ ငါ မပါဝင်အားတာ လဲ ။
အတော်ဆုံးတော့ မဟုတ်ခဲ့ပေမဲ့ ၊ လုံးလ ကြိုးကုတ် အားထုတ်မှုတွေနှင့်
ကျရာ ကဏ္ဍမှာ အစွမ်းကုန် လုပ်ခဲ့ပေမဲ့ ၊ သခင့်အတွက် ဆိုရင်
ဘယ့်အတွက်များ ၊ အလိုတော်ပင် မသိငြားတတ်တာ လဲ ။
နောက်ဆုံးတော့ ၊ သခင်က ငါ့ကိုဆို – – –
ဘဏ္ဍာ ရှိရာ သင့်စိတ်သာ ယာ သည် ၊ ထိုအရပ်သာ သင့်စိတ်ပါသည်
အကြောင်းရင်းကား ဆို ၊ " သင့်မနော က အရင်းအမြစ်ဟူလို့ " တဲ့ ။ ။

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည် ( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂဏ နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
**Min Aung Thet Lwin, Blk 76A #30-02 Red hill road, Singapore 151076**
**E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))**
((သခင့်စကား စာစောင်ကို www.jbcs.org.sg နှင့် www.murann.com တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))

---

## ကြော်ငြာ

၁) မုရန် မဂ္ဂဇင်း စာအုပ် (ဝိညာဉ်ရေးရာရသစုံစာမူများစုစည်းမှု) ထွက်ပြီ။
၂) ဒူးလော့စ် သဘော်ာပေါ်မှ မြန်မာ့ညတစ်ည ဓမ္မအငြိမ့် ဒီဗီဒီ ထွက်ပြီ။
၃) မွန်နှစ်ခြင်း လူငယ် ဓမ္မအငြိမ့် ဒီဗီဒီ ထွက်ပြီ။
မင်း အောင် သက် လွင် မှ စီ စဉ် ထုတ် ဝေ သည်



**သခင့်စကား** ဝိညာဉ်ရေးရာစာစောင်အမှတ်စဉ် ၁၀၅၊ မေလ ၂၀၁၀ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။